# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး
# အဋ္ဌမနေ့မှတ်တမ်း

## ၁၃၇၈ ခုနှစ်၊ ဝါခေါင်လဆန်း ၁ ရက်
## (၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၄ ရက်)
## (ကြာသပတေးနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး အဋ္ဌမနေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးအဋ္ဌမနေ့ အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

# ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး အဋ္ဌမနေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော် အခွင့်အရေး ကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ၄၂၆ ဦးရှိတဲ့အနက် ၃၈၇ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့် ရှိသူဦးရေ စုစုပေါင်းရဲ့ ၉၀.၈၅ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်များကို ကြိုတင်ဖြန့် ဝေထားတဲ့ အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များ အတွက် ခွင့်ပန်ကြားရန် ဖြစ်ပါတယ်။

**ဒေါ်နန်းထွေးသူ(အဖွဲ့ဝင်၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ် ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးရှင်။ ယနေ့ ၄-၈-၂၀၁၆ ရက်နေ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး အဋ္ဌမနေ့သို့ မတက်ရောက်နိုင်ပါသဖြင့် ခွင့်ပန်ကြားသူ လွှတ်တော် ကိုယ်စားလှယ်များ၏ကိုယ်စား ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အဖွဲ့ဝင် ကျွန်မ ဒေါ်နန်းထွေးသူ၊ ဖားဆောင်းမဲဆန္ဒနယ်က စုစည်းတင်ပြသွားမှာဖြစ်ပါတယ်ရှင်။ ပြည်သူ့လွှတ်တော်မှာ ယနေ့ တက်ရောက်ခွင့်ရှိသော ကိုယ်စားလှယ် ၄၂၆ ဦးရှိပြီး တက်ရောက်သူ ကိုယ်စားလှယ် ၃၈၇ ဦး ရှိကာ ယနေ့ ခွင့်ပန်ကြားသူ ၂၄ ဦးရှိပါတယ်ရှင့်။ ၎င်းတို့ကတော့-

(၁) ပြည်မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ခင်စိုးစိုးကြည် ခွင့် ၂ ရက်၊

(၂) မိုးညိုမဲဆန္ဒနယ်မှ ဦးကျော်မျိုးမင်း ခွင့် ၂ ရက်၊

(၃) စစ်ကိုင်းမဲဆန္ဒနယ်မှ ဦးခင်မောင်သိန်း ခွင့် ၁၀ ရက်၊

(၄) လက်ပံတန်းမဲဆန္ဒနယ်မှ ဦးကျော်မင်း ခွင့် ၉ ရက်၊

(၅) သနပ်ပင်မဲဆန္ဒနယ်မှ ဦးမြင့်ဦး ခွင့် ၉ ရက်၊

(၆) ဂန့်ဂေါမဲဆန္ဒနယ်မှ ဒေါ်ယဉ်မင်းလှိုင် ခွင့် ၁၀ ရက်၊

(၇) မဟာအောင်မြေမဲဆန္ဒနယ်မှ ဦးငြိမ်းသစ်(ခ)ဦးသောင်းထွန်း ခွင့် ၉ ရက်၊

(၈) သထုံမဲဆန္ဒနယ်မှ ဒေါ်မာမာခိုင် ခွင့် ၉ ရက်၊

(၉) ဒေါပုံမဲဆန္ဒနယ်မှ ဦးငွေဝင်းအောင်(ခ)ဦးပြုံးချို ခွင့် ၁၂ ရက်၊

(၁၀) မအူပင်မဲဆန္ဒနယ်မှ ဦးစိန်ဝင်း ခွင့် ၉ ရက်၊

(၁၁) ရပ်စောက်မဲဆန္ဒနယ်မှ ဦးခင်မောင်မြင့် ခွင့် ၂ ရက်၊

(၁၂) စစ်တွေမဲဆန္ဒနယ်မှ ဦးမောင်သိန်းခိုင် ခွင့် ၂ ရက်၊

(၁၃) မြေပုံမဲဆန္ဒနယ်မှ ဦးဖေသန်း ခွင့် ၁ ရက်၊

(၁၄) ရွှေတောင်မဲဆန္ဒနယ်မှ ဒေါ်မြခွာညိုဦး ခွင့် ၂ ရက်၊

(၁၅) ထီးချိုင့်မဲဆန္ဒနယ်မှ ဦးမောင်မောင် ခွင့် ၁ ရက်၊

(၁၆) ကသာမဲဆန္ဒနယ်မှ ဦးမြင့်ကြည် ခွင့် ၁ ရက်၊

(၁၇) လဟယ်မဲဆန္ဒနယ်မှ ဦးသက်နောင် ခွင့် ၁ ရက်၊

(၁၈) ပုသိမ်ကြီးမဲဆန္ဒနယ်မှ ဦးသောင်းငွေလင်း ခွင့် ၂ ရက်၊

(၁၉) သရက်ချောင်းမဲဆန္ဒနယ်မှ ဦးအောင်စိုး ခွင့် ၂ ရက်၊

(၂၀) အောင်လံမဲဆန္ဒနယ်မှ ဦးအောင်ထူးမြင့် ခွင့် ၂ ရက်၊

(၂၁) ဇေယျာသီရိမဲဆန္ဒနယ်မှ ဦးလှငွေဝင်း ခွင့် ၁ ရက်၊

(၂၂) နမ့်ခမ်းမဲဆန္ဒနယ်မှ ဦးထွန်းကျော် ခွင့် ၁ ရက်၊

(၂၃) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးချုပ်မောင်မောင် ခွင့် ၂ ရက်နှင့်

(၂၄) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးရဲမြင့်လွင် ခွင့် ၂ ရက်တို့ဖြစ်ပါတယ်ရှင့်။ ယခင် ခွင့်ပန်ကြားသူ ၁၅ ဦး၊ ယနေ့ ခွင့်ပန်ကြားသူ ၂၄ ဦး စုစုပေါင်း ခွင့်ပန်ကြားသူ ၃၉ ဦး ဖြစ်ပါတယ်ရှင့်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါကြောင်းနှင့် အထက်ပါကိုယ်စားလှယ်များ၏ ခွင့်ပန်ကြားမှုအား ခွင့်အဖြစ် ခွင့်ပြုပေးပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ်ရှင့်။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

**မူကြမ်း**

**ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့် ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၂၆ ဦးရှိပြီး ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၁၅ ဦး၊ ယနေ့ ခွင့်ပြုထားသူ ၂၄ ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူစုစုပေါင်း ၃၉ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေတင်ပြချက်ကို အတည်ပြုမှတ်တမ်း တင်ရန် လွှတ်တော်က သဘောတူပါ သလားခင်ဗျား။

[ သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်းအစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

**ရန်ကုန်-နေပြည်တော်-မန္တလေး အမြန်လမ်းမကြီးတွင် ယာဉ်မောင်းသူများနှင့် ခရီးသည်ပြည်သူများ အန္တရာယ်ကင်းရှင်းစွာ မောင်းနှင်နိုင်ရေးအတွက် ဆောင်ရွက်ပေးရန်နှင့် မည်သို့စီစဉ်ထားသည်ကို သိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ** ။ ။ ပထမဦးစွာ တောင်ဥက္ကလာပမဲဆန္ဒနယ်မှ ဒေါက်တာစောနိုင် မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဒေါက်တာစောနိုင်(တောင်ဥက္ကလာပမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ကြွရောက်လာသောဧည့်သည်တော်များအားလုံးကို ဂါရဝပြုနှုတ်ခွန်းဆက်ပါတယ်ခင်ဗျား။ ကျွန်တော်

ကတော့ တောင်ဥက္ကလာပမဲဆန္ဒနယ်မှ ဒေါက်တာစောနိုင်ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ရန်ကုန်-နေပြည်တော်-မန္တလေးအမြန်လမ်းမကြီးတွင် ယာဉ်အန္တရာယ်ကြောင့် အသက်ဆုံးရှုံးမှုများ မကြာခဏဖြစ်ပွားနေသည်ကို သိရှိနေရပါတယ်။ သို့သော် ညဘက်ယာဉ်မောင်းသောအချိန်တွင် အလယ်ကျွန်းများ ကျယ်နေခြင်း၊ အလယ်ကျွန်းများတွင် အပင်များရှိနေခြင်းတို့ကြောင့် တစ်ဖက်ယာဉ်ကြောမှ မောင်းလာသောကားမီးများ အန္တရာယ်မှ သက်သာသည်ဟု ယာဉ်မောင်းသူများထံမှ ကြားသိရပါတယ်။ Power Point သုံးခွင့်ပြုပါခင်ဗျား။ ဒီပုံကတော့ အလယ်ကျွန်းမှာရှိတဲ့ အပင်တွေရဲ့ အနေအထားကို တင်ပြတာဖြစ်ပါတယ်။ ယခုအခါ ရန်ကုန်-နေပြည်တော်အမြန်လမ်းရှိ အလယ်ကျွန်းများကို တစ်ဖက်ကို ငါးပေခန့်ကျဉ်းကာ လမ်း ၁၀ ပေခန့်ချဲ့မည်ဟု သိရှိနေရပြီး အလယ်ကျွန်းရှိ အပင်များ ရှင်းလင်းနေသည်ကိုလည်း တွေ့မြင်နေရပါတယ်။ အလယ်ကျွန်းသည် မူလက ၂၀ ပေခန့်ရှိပြီး ၁၀ ပေလျှော့ပါက ၁၀ ပေခန့်သာ ကျန်တော့မည်ဖြစ်သဖြင့် ညအခါ တစ်ဖက်ယာဉ်ကြောမှ ကားမီးများ အန္တရာယ်သည် တော်တော်ဝေးဝေးမှပင် သက်ရောက်မည်ဖြစ်ပြီး အထူးသဖြင့် အကွေ့လမ်းတွေမှာ ယာဉ်အန္တရာယ်ပိုမိုရှိနိုင်မှာ ဖြစ်ပါတယ်။ ဒါကတော့ အကွေ့လမ်းတွေမှာ ကားမီးတွေရဲ့အန္တရာယ်ပိုမိုသက်ရောက်နိုင်တာကို တင်ပြတာဖြစ်ပါတယ်။ ရန်ကုန်-နေပြည်တော်လမ်းတွင် တံတားများ ၁၄၀ စင်းခန့်ရှိရာ သုံးပုံနှစ်ပုံသာ သုံးလမ်းသွားတံတားများအဖြစ် ဆောက်လုပ်ပြီးဖြစ်သည်ကို တွေ့ရှိရပါတယ်။ အလယ်ကျွန်းနေရာကို လမ်းအဖြစ်ချဲ့မည်ဆိုပါက တံတားများအားလုံးကို ပြုပြင်တည်ဆောက်ရန် လိုအပ်မှာဖြစ်ပြီး မူလလမ်း၏ ဘေးလက်ယာဘက်ကိုသာ ချဲ့ဖောက်ပါက တံတားအားလုံး၏ သုံးပုံတစ်ပုံခန့်သာ ပြုပြင်တည်ဆောက်ရန် လိုမည်ဖြစ်ပါတယ်။ အလယ်ကျွန်းအကျယ်ကို နဂိုအတိုင်းထားရှိသည့်အတွက် ယာဉ်အန္တရာယ်ပိုမိုကင်းရှင်းနိုင်မည်ဖြစ်ပြီး တံတားများပြုပြင်တည်ဆောက်ရမည့် အရေအတွက်လည်း နည်းသွားသဖြင့် နိုင်ငံတော်ဘဏ္ဍာငွေလည်း သက်သာမှာဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ရန်ကုန်-နေပြည်တော်-မန္တလေးအမြန်လမ်းမကြီးတွင် ယာဉ်မောင်းသူများနှင့် ခရီးသည်ပြည်သူများ အန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ရေးအတွက် ဆောင်ရွက်ပေးနိုင်ပါရန်နှင့် မည်သို့စီစဉ်ထားသည်ကို သိလိုပါသဖြင့် ပြည်သူများကိုယ်စား လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ** ။ ။ ဆောက်လုပ်ရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**မူကြမ်း**

**ဦးဝင်းခိုင်(ပြည်ထောင်စုဝန်ကြီး ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ အထူးဖိတ်ကြားထားသော ဧည့်သည်များနှင့် ကြွရောက်လာသောပုဂ္ဂိုလ်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစောနိုင်မှ မေးမြန်းထားတဲ့ ရန်ကုန်-နေပြည်တော်-မန္တလေးအမြန်လမ်းမကြီးမှာ ယာဉ်မောင်းသူများနှင့် ခရီးသည်ပြည်သူများ အန္တရာယ်ကင်းရှင်းစွာ မောင်းနှင်နိုင်ရေးအတွက် ဆောင်ရွက်ပေးနိုင်ပါရန်နှင့် မည်သို့စီစဉ်ထားသည်ကို သိရှိလိုခြင်းနှင့်စပ်လျဉ်းပြီးတော့ မေးခွန်းကိုရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဆောက်လုပ်ရေးဝန်ကြီးဌာန အနေဖြင့် ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးပေါ်မှာ သွားလာအသုံးပြုနေကြတဲ့ ယာဉ်မောင်းများနှင့် ခရီးသွားပြည်သူများမှ ခံစားနေရတဲ့ စိုးရိမ်ပူပန်မှုများနှင့် ယာဉ်မတော်တဆဖြစ်ပွားမှုများ လျော့နည်းပပျောက်စေရေးကို ရည်ရွယ်ပြီးတော့ ကျွန်တော်တို့အစီအစဉ်တွေ ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားလိုပါတယ်။ ယာဉ်မတော်တဆဖြစ်ပွားမှုများကို ဆန်းစစ်ကြည့်ပါက ယာဉ်များဟာဆိုရင် အရှိန်ဖြင့်မောင်းနှင်ပြီးတော့ ရှေ့မော်တော်ယာဉ်ကို ကျော်တက်ရာမှာလည်းကောင်း၊ မော်တော်ယာဉ်ဘီးပေါက်၍သော်လည်းကောင်း၊ အရှိန်မထိန်းနိုင်ဘဲ လမ်းလယ်ကျွန်းမှာရှိတဲ့ Road Curb များကို တိုက်မိပြီးတော့ ယာဉ်မတော်တဆတွေဖြစ်ပြီး ထိခိုက်ဆုံးရှုံးမှုများရှိကြောင်း တွေ့ရှိရတဲ့အတွက် လမ်းလယ်ကျွန်းကို အနိမ့်ပုံစံ Depressed Median သို့ ပြောင်းလဲတည်ဆောက်ရခြင်းဖြစ်ပါတယ်။ ပြောင်းလဲတည်ဆောက်မည့် လုပ်ငန်းစဉ်နှင့်ပတ်သက်၍ Power Point ဖြင့် ရှင်းလင်းတင်ပြခွင့်ပြုပါရန် လေးစားစွာတင်ပြအပ်ပါတယ်။ ရန်ကုန်-မန္တလေးအမြန်လမ်းရဲ့ နှစ်အလိုက်၊ လအလိုက် ယာဉ်မတော်တဆမှုဖြစ်ပွားတဲ့အခြေအနေဟာ ကျွန်တော်တို့ Power Point မှာဖော်ပြထားခြင်း ဖြစ်ပါတယ်။ ၂၀၁၂ ခုနှစ်ကနေပြီးတော့ ၂၀၁၆ ခုနှစ်အတွင်းမှာ တစ်နှစ်ထက်တစ်နှစ် ယာဉ်သွားလာမှုများ ပိုမိုများပြားလာပြီးတော့ ယာဉ်မတော်တဆမှုများလည်း ပိုမိုများပြားလာကြောင်း ပုံတွင်ဖော်ပြထားသည့်အတိုင်း တွေ့ရှိရမှာဖြစ်ပါတယ်။ ယခုလက်ရှိ ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးရဲ့ လမ်းဖြတ်ပိုင်းပုံစံ ဖြစ်ပါတယ်။ တစ်ဖက်နှစ်လမ်းသွားနဲ့ လမ်းလယ်ကျွန်း၊ လမ်းပုခုံးတို့ ထည့်သွင်းတည်ဆောက်ထားခြင်း ဖြစ်ပါတယ်။ ရန်ကုန်-နေပြည်တော်အပိုင်း လမ်းလယ်ကျွန်း၊ လမ်းပုခုံးမပါရှိ

သော Raised Median ပုံစံ ဖြစ်ပါတယ်။ နေပြည်တော်-မန္တလေးလမ်းအပိုင်း လမ်းလယ်ကျွန်း၊ လမ်းပုခုံး ထည့်သွင်းတည်ဆောက်ထားတဲ့ Depressed Median ပုံကို တင်ပြထားပါတယ်။ ၂၀၁၅ ခုနှစ်အတွင်း ယာဉ်မတော်မဆမှု ၄၅၃ မှု ဖြစ်ပွားခဲ့ပြီးတော့ အဲဒီအထဲမှာ အရှိန်လွန်မောင်းနှင် တိမ်းမှောက်မှု ၂၇၀ မှု ဖြစ်ပွားခဲ့ပါတယ်။ အထူးသဖြင့် ယာဉ်မတော်တဆမှုများဟာဆိုရင် လမ်းလယ်ကျွန်းကို တိုက်ခိုက်တိမ်းမှောက်ပြီးတော့ မမျှော်မှန်းနိုင်တဲ့ ထိခိုက်ဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ကြောင်းလည်း တွေ့ရှိရပါတယ်။ ဒါကြောင့်မို့ အခုချိန်မှာ မိုင်(၁၅/၀ - ၂၅/၀)ကြားနဲ့ မိုင်တိုင် (၁၆၀/၁-၁၇၃/၁)ကြားထဲမှာ စုစုပေါင်း ၂၀ မိုင်မှာ စမ်းသပ် Pilot Project အနေနဲ့ ဆောင်ရွက်ရန် ရွေးချယ်ထားပြီးတော့ အဲဒီနေရာတွေမှာ မူလလမ်းလယ်ကျွန်းထဲသို့ တစ်ဖက်လျှင် ငါးပေစီ လမ်းသား တိုးချဲ့၍ Median Shoulder အဖြစ် တည်ဆောက်ခြင်း၊ လမ်းလယ်ကျွန်းအား Raised Median မှ Depressed Median အဖြစ်သို့ ပြောင်းလဲ၍လမ်းလယ်ကျွန်းရေမြောင်းအပါအဝင် ထည့်သွင်း တည်ဆောက်ခြင်းနဲ့ Road Furniture တပ်ဆင်ခြင်းလုပ်ငန်းများကိုလည်း ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

ဖော်ပြပါပုံမှာကတော့ လမ်းလယ်ကျွန်း လမ်းပုခုံးမပါရှိတဲ့ Raised Median ပုံစံကနေပြီးတော့ လမ်းလယ်ကျွန်း လမ်းပုခုံးထည့်သွင်းတည်ဆောက်ထားသော Depressed Median ပုံစံသို့ ပြောင်းလဲတည်ဆောက်သွားမည့် လမ်းဒီဇိုင်းပုံစံပဲ ဖြစ်ပါတယ်။ ယခုလက်ရှိတည်ဆောက်ထားတဲ့ လမ်းအခြေအနေဖြစ်ပြီးတော့ လမ်းလယ်ကျွန်းဟာ ပေ ၃၀ ၊ တစ်ဖက်မှာ နှစ်လမ်းသွား စုစုပေါင်း လေးလမ်းသွား ကွန်ကရစ်လမ်းအဖြစ် တွေ့ရှိရမှာ ဖြစ်ပါတယ်။ လမ်းလယ်ကျွန်းကို အောက်ခံမြေသား ပြုပြင်တည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်နေတဲ့ပုံ ဖြစ်ပါတယ်။ သတ်မှတ်ထားတဲ့ သိပ်သည်းမှု ရရှိရေးအတွက် စက်ယန္တရားများနဲ့ အောက်ခံမြေသားကြိတ်ခြင်းလုပ်ငန်း ဆောင်ရွက်နေခြင်းဖြစ်ပါ တယ်။ မြေသားပြုပြင်ပြီးတဲ့အပိုင်းတွေမှာဆိုရင်လည်း Well Graded အခြေခံလွှာ ကျောက်ခင်းကြိတ် ခြင်းလုပ်ငန်းတွေလည်း ဆောင်ရွက်နေတဲ့ပုံဖြစ်ပါတယ်။ ကျောက်ခင်းကြိတ်ပြီးတဲ့အပိုင်းမှာ လမ်းလယ် ကျွန်း လမ်းပုခုံးကို နိုင်လွန်ကတ္တရာခင်းနေတဲ့ပုံ ဖြစ်ပါတယ်။ အထက်ပါအတိုင်း အဆင့်ဆင့် ဆောင်ရွက်ပြီးပါက လမ်းလယ်ကျွန်းအမြင့်ပုံစံကြောင့် ယာဉ်မတော်တဆဖြစ်ပွားမှုများ လျော့ကျနိုင်ရန် လမ်းလယ်ကျွန်းအား အနိမ့်ပုံစံသို့ သတ်မှတ်လမ်းပုခုံးများထည့်သွင်းတည်ဆောက်ပြီး Pilot Project ပြီးစီးပါက တွေ့မြင်ရမယ့်ပုံပဲဖြစ်ပါတယ်။ လမ်းလယ်ကျွန်းမှာ မူလရှိတဲ့ သစ်ပင်များအား စက်ယန္တရား များဖြင့် ရွှေ့ပြောင်းပြီးမှ သတ်မှတ်တဲ့နေရာတွင် ပြုစုပျိုးထောင်ပြီး Pilot Project ပြီးပါက

လမ်းလယ်ကျွန်းတွင် ပြန်လည်တည်ဆောက်မှု အဆင့်ဆင့်ဆောင်ရွက်နေတဲ့ပုံ ပြထားခြင်းပဲ ဖြစ်ပါတယ်။ ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးရဲ့ ရန်ကုန်-နေပြည်တော်အပိုင်းမှာ တံတားစုစုပေါင်း ၁၆၈ စင်းရှိပြီးတော့ လေးလမ်းသွား ၁၁၄ စင်း၊ သုံးလမ်းသွားတံတား နှစ်စင်းနှင့် နှစ်လမ်းသွားတံတား ၅၂ စင်း ဖောက်လုပ်ထားပါတယ်။ Pilot Project အရ လမ်းလယ်ကျွန်းထဲသို့ တစ်ဖက် ငါးပေစီ လမ်းတိုးချဲ့တည်ဆောက်မှာ ဖြစ်သော်လည်းပဲ တံတားများအား လတ်တလောတိုးချဲ့တည်ဆောက်ခြင်း မပြုဘဲ တံတားအဝင်အထွက်နေရာများမှာ အန္တရာယ်ကင်းရှင်းစေရန် အကာအကွယ်တန်း (Guard Rail)များအား 1:40 Taper အချိုးနဲ့ တပ်ဆင်သွားမှာ ဖြစ်ပါတယ်။

ရန်ကုန်-နေပြည်တော်-မန္တလေး အမြန်လမ်းမကြီးတွင် လမ်းအသုံးပြုသူများ ယာဉ်အန္တရာယ်ကင်းရှင်းစေရေးအတွက် အသိပညာပေး စည်းရုံးပြောဆိုခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ ယာဉ်မတော်တဆမှုဖြစ်ပွားတဲ့ Black Spot လို့ခေါ်တဲ့နေရာများမှာ စောင့်ကြည့်ယာဉ် Road Patrol များ သတ်မှတ်အရှိန်နှုန်းအတိုင်း မောင်းနှင်ကြရန် စောင့်ကြည့်သတိပေးခြင်းစတဲ့ လုပ်ငန်းကိုလည်း ဆောင်ရွက်လျက်ရှိပါတယ်။ ဖော်ပြပါပုံမှာတော့ ယာဉ်မတော်တဆ မကြာခဏဖြစ်ပွားတတ်တဲ့နေရာများမှာ Road Patrol များနှင့် စောင့်ကြည့်သတိပေးတဲ့လုပ်ငန်းကို ဆောင်ရွက်နေတဲ့ပုံဖြစ်ပါတယ်။ ယာဉ်မတော်တဆ လျော့ကျရေးအတွက် အသိပညာပေးလက်ကမ်းစာစောင်များကိုလည်း Toll Gate များမှာ ဖြန့်ဝေပေးနေတဲ့ပုံ ဖြစ်ပါတယ်။ ရန်ကုန်-မန္တလေးအမြန်လမ်းမှာရှိတဲ့ ရဲစခန်းတည်နေရာတွေ၊ ဆက်သွယ်ရမယ့် ဖုန်းနံပါတ်တွေ၊ အရေးပေါ်ဆက်သွယ်ရမယ့် ဖုန်းတွေ၊ ယာဉ်မောင်းများ လိုက်နာရမည့်အချက်တွေ၊ ယာဉ်မတော်တဆဖြစ်ပွားတတ်တဲ့နေရာတွေကို လက်ကမ်းစာစောင်များမှာ ဖော်ပြထားပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးပေါ်မှာ ယာဉ်မတော်တဆမှုအများဆုံး ဖြစ်ပွားတဲ့နေရာများ Black Spot ၂၂ နေရာမှာ သတိပေးဆိုင်းဘုတ်များ တပ်ဆင်ခြင်း၊ အသက်ကယ်တန်း Guard Rail တပ်ဆင်ခြင်း၊ Road Line များရေးဆွဲခြင်း၊ ခြံစည်းရိုးကာရံခြင်း၊ Raised Median ကနေပြီးတော့ Depressed Median သို့ ပြောင်းလဲ၍ လမ်းလယ်ကျွန်း ရေမြောင်းတည်ဆောက်ခြင်း၊ Solar မီးတိုင်များတပ်ဆင်ခြင်း၊ Road Curb များကို ပြန်လည်ပြုပြင်ခြင်း၊ ညဘက်တွင် အန္တရာယ်ကင်းရှင်းစေရန် ရောင်ပြန်ပြားများ တပ်ဆင်ခြင်း၊ အကာအကွယ်တုံးများထားပေးခြင်း၊ Rumble Strip များရေးဆွဲခြင်း၊ စောင့်ကြည့်ယာဉ်(Road Patrol)များ ထားရှိခြင်း စသည်ဖြင့် ယာဉ်မတော်တဆဖြစ်ပွားမှု လျော့နည်းအောင် ဆောင်ရွက်လျက်ရှိကြောင်း

**မူကြမ်း**

တင်ပြအပ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အထက်တင်ပြပါ လုပ်ငန်းအစီအစဉ်အတိုင်း အဆင့်မြှင့်တင်မှုလုပ်ငန်းများ ဆောင်ရွက်ပြီးစီးပါက ယခုလက်ရှိအသုံးပြုလျက်ရှိသော ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးအား တင်ပြပါပုံစံအတိုင်း မြင်တွေ့ရမှာဖြစ်ပါကြောင်းနှင့် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ဆောက်လုပ်ရေးဝန်ကြီးဌာနအနေနဲ့ နိုင်ငံတကာချေးငွေရရှိရေး ညှိနှိုင်းစီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း ကျွန်တော့်အနေနဲ့ ရှင်းလင်းဖြေကြားတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**မူဆယ်မြို့တွင်မိုင်းယု(၁၀၅)မိုင် ကုန်စည်စစ်ဆေးဂိတ်မှ မန့်ဝိန်း-ဂျယ်ကောင် နယ်ခြားစစ်ဆေးရေးဂိတ်၏အောက်ဖက်တစ်နေရာသို့ ဖောက်လုပ်သည့် မူဆယ်မြို့ရှောင်ကွင်းလမ်းကို ဖောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ မူဆယ်မဲဆန္ဒနယ်မှ ဦးစိုင်းဖိုးမြတ် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးစိုင်းဖိုးမြတ်(မူဆယ်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ ဦးစွာဂါရဝပြု နှုတ်ခွန်းဆက်ပါရစေ။ ကျွန်တော်ကတော့ မူဆယ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းဖိုးမြတ် ဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းလိုတဲ့မေးခွန်းကတော့ ရှမ်းပြည်နယ်၊ မူဆယ်ခရိုင်၊ မူဆယ်မြို့တွင် မြို့ရှောင်ကွင်းလမ်း ဖောက်လုပ်ပေးရန်အစီအစဉ်ရှိ/မရှိ သိလို၍ မေးမြန်းတဲ့မေးခွန်း ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ရှမ်းပြည်နယ်၊ မူဆယ်ခရိုင်၊ မူဆယ်မြို့ဟာ ပြည်ထောင်စုသမ္မတမြန်မာ နိုင်ငံတော်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့ရဲ့ နှစ်နိုင်ငံနယ်နိမိတ်မျဉ်းကြောင်းနှင့် ကပ်လျက်တည်ရှိ တဲ့အပြင် မြန်မာနိုင်ငံရဲ့ သွင်းကုန်/ထုတ်ကုန်များ အဓိကစီးဆင်းဝင်/ထွက်တဲ့ နိုင်ငံတော်ရဲ့ရှေ့/မြောက် တံခါးပေါက်တစ်ခုဖြစ်တယ်ဆိုတာ အားလုံးအသိပဲဖြစ်ပါတယ်။ တရုတ်နိုင်ငံကို ကုန်တင်ပို့ရာမှာ မူဆယ်မြို့အထက်ဘက် ခုနစ်မိုင်ခန့်ရှိ မိုင်းယု (၁၀၅) မိုင် ကုန်စည်စစ်ဆေးရေးဂိတ်၌ စစ်ဆေးခံပြီးတဲ့ နောက်မူဆယ်မြို့ရဲ့ အနောက်တောင်အရပ်မှ ရပ်ကွက်တစ်ခုအတွင်းရှိ မန့်ဝိန်း-ဂျယ်ကောင်နယ်ခြား စစ်ဆေးရေးဂိတ်မှ တစ်ဆင့်တရုတ်နိုင်ငံသို့ တင်ပို့ရပါတယ်။ ထို့အတူပဲ ပြည်တွင်းသို့ကုန်များ တင် သွင်းပါကလည်း မန့်ဝိန်း-ဂျယ်ကောင်စစ်ဆေးရေးဂိတ်မှတစ်ဆင့် မိမိတို့နိုင်ငံအတွင်း ဝင်ရောက် လာပြီး မူဆယ်မြို့ကိုဖြတ်သန်းကာ မိုင်းယု (၁၀၅) မိုင်ကုန်စည်စစ်ဆေးဂိတ်သို့ စစ်ဆေးခံရန်ဝင်ရ ပါတယ်။

ယခုအခါ တိုးတက်မြင့်မားလာတဲ့ မြန်မာ-တရုတ်ကုန်သွယ်မှုအနေအထားကြောင့်လည်း ကောင်း၊ ကုန်စည်စစ်ဆေးတဲ့ဂိတ်များမှာ ကုန်စည်များစစ်ဆေးခံရန် စောင့်ဆိုင်းရတဲ့အချိန်ကြာမြင့်ခြင်းကြောင့်လည်းကောင်း၊ မူဆယ်မြို့တွင်း/မြို့ပြင်လမ်းမကြီးတစ်လျှောက်ရဲ့ ဘေးဝဲ/ယာနှစ်ဖက်စလုံးမှာ ကုန်တင်ယာဉ်ကြီးများဟာ နေ့စဉ်အချိန်များစွာနေရာယူထားကြတာကို တွေ့မြင်ရပါတယ်။ မူဆယ်မြို့အဝင်တိုးဂိတ်ရဲ့ လအလိုက်စံနှုန်းကောက်ယူတဲ့ နေ့စဉ်ယာဉ်ကြီး/ယာဉ်ငယ်များဖြတ်သန်းမှု အခြေပြဇယားကို Power Point ဖြင့် တင်ပြခွင့်ပြုပါခင်ဗျား။ ဖော်ပြပါ လအလိုက်စံနှုန်းကောက်ယူတဲ့ နှစ်ရှည်ယာဉ်များ ဖြတ်သန်းသွားလာမှုမှတ်တမ်းကို သက်ဆိုင်ရာဌာနက လစဉ်လဆန်း ၇ ရက်နေ့များမှာကောက်ယူထားတဲ့ စံနှုန်းများဖြစ်ကြောင်း သိရှိရပါတယ်။ ဒီပုံများကတော့ မန့်တိန်း-ဂျယ်ကောင်နယ်ခြားစစ်ဆေးရေးဂိတ်မှာ စစ်ဆေးခံဖို့ ရပ်တန့်စောင့်ဆိုင်းနေတဲ့ ယာဉ်တန်းများဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အထက်တွင်တင်ပြခဲ့တဲ့ဖြစ်စဉ်များအရ မတန်တဆများပြားလာတဲ့ ယာဉ်သွားလာမှုများကြောင့် မူဆယ်မြို့ရဲ့မြို့တွင်း/မြို့ပြင်များမှာ ယာဉ်ကြောပိတ်ဆို့မှုများ အမြဲတမ်း ဖြစ်ပေါ်လျက်ရှိခြင်း၊ မြန်မာ-တရုတ်နှစ်နိုင်ငံရဲ့ ဝင်/ထွက်တံခါးပေါက်များဟာ မူဆယ်-နမ့်ခမ်းလမ်းမကြီးနှင့်ကပ်လျက်ရှိသဖြင့် ခရီးသွားပြည်သူများ အမြဲတစေ ကြပ်တည်းစွာသွားလာနေရခြင်းစတဲ့ ပြည်သူများရဲ့ နိစ္စဓူဝ ကိုယ်စိတ်ပင်ပန်းဆင်းရဲမှုများ ကြုံတွေ့ခံစားနေရပါသောကြောင့် အောက်ပါမေးခွန်းကို မေးမြန်းရခြင်းဖြစ်ပါတယ်။ မေးခွန်းကတော့ မူဆယ်မြို့တွင်း/မြို့ပြင်များတွင် နေ့စဉ်နှင့်အမျှ ဖြစ်ပျက်နေသော လမ်းပိတ်ဆို့မှုများကို ဖြေရှင်းကျော်လွှားနိုင်စေရန်အလို့ငှာ မိုင်းယု ၁၀၅ မိုင် ကုန်စည်စီးဆင်းရေးဂိတ်မှ မန့်ဝိန်း-ဂျယ်ကောင် နယ်ခြားစစ်ဆေးရေးဂိတ်ရဲ့ အောက်ဘက်တစ်နေရာသို့ ဖောက်လုပ်သည့်မူဆယ်မြို့ရှောင်ကွင်းလမ်းကို သက်ဆိုင်ရာက ဖောက်လုပ်ပေးမယ့်အစီအစဉ် ရှိ/မရှိ၊ ရှိပါက မည်သည့်အချိန်ကာလအတွင်း ဆောင်ရွက်ပေးနိုင်မည်ကို သိရှိလိုပါ၍ မူဆယ်မြို့နယ် ပြည်သူများကိုယ်စား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဆောက်လုပ်ရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးဝင်းခိုင်(ပြည်ထောင်စုဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ မင်္ဂလာအပေါင်း

နှင့်ပြည့်စုံပါ စေလို့ ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရှမ်းပြည်နယ်၊ မူဆယ်မဲဆန္ဒနယ် ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းဖိုးမြတ်မှ မေးမြန်းထားတဲ့ ရှမ်းပြည်နယ်၊ မူဆယ်ခရိုင်၊ မူဆယ်မြို့တွင် မိုင်းယု ၁၀၅ မိုင် ကုန်စည်စစ်ဆေးရေးဂိတ်မှ မန့်ဝိန်း-ဂျယ်ကောင် နယ်ခြားစစ်ဆေးရေးဂိတ်၏ အောက်ဖက်တစ်နေရာသို့ ဖောက်လုပ်သည့် မူဆယ်မြို့ ရှောင်ကွင်းလမ်း ကို ဖောက်လုပ်ပေးမည့် အစီအစဉ်ရှိ/မရှိနဲ့ ရှိပါကမည်သည့် အချိန်ကာလ အတွင်း ဆောင်ရွက်ပေး နိုင်မည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းတဲ့ မေးခွန်းအား ရှင်းလင်း ဖြေကြားသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မူဆယ်ခရိုင်၊ မူဆယ်မြို့မှာ ရှိတဲ့ မန္တလေး-လားရှိုး-မူဆယ်-ဗန်းမော်-မြစ်ကြီးနားလမ်း မိုင်းယု Toll Gate ကနေပြီးတော့ မူဆယ် မြို့သို့ မူဆယ်မြို့ရှောင်ကွင်းလမ်းဖောက်လုပ်ရန် ကွင်းဆင်းတိုင်းတာဆောင်ရွက်မှုများ ဆောင်ရွက် လျက်ရှိကြောင်း တင်ပြလိုပါတယ်။ မူဆယ်မြို့ရှောင်လမ်းလမ်းအူကြောင်းမှာပါဝင်တဲ့ လယ်/ယာမြေ အဆောက်အဦများကို စိစစ်တိုင်းတာရန်အတွက် သက်ဆိုင်ရာမြို့နယ်အုပ်ချုပ်ရေးမှူး၊ မူဆယ်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဦးဆောင်ပြီးတော့ ဦးစီးအရာရှိ၊ လယ်/ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ မြို့နယ်သစ်တောဦးစီးဌာန၊ လမ်းဦးစီးဌာန၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၊ စက်မှု သီးနှံနှင့်ဖွံ့ဖြိုးရေးလုပ်ငန်းတို့မှ အဖွဲ့ဝင်များပါဝင်တဲ့အဖွဲ့ကို ၉-၇-၂၀၁၅ ရက်နေ့မှာ ဖွဲ့စည်းပြီးတော့ မူဆယ်မြို့ရှောင်လမ်း စတင်ဖောက်လုပ်ရန် ညှိနှိုင်းဆောင်ရွက်ခဲ့ကြပါတယ်။ ကွင်းဆင်းတိုင်းတာမှုများ အရ မန္တလေး-လားရှိုး-မူဆယ်-ဗန်းမော်-မြစ်ကြီးနားလမ်း မိုင် ၂၇၈/၀ မှစတင်ပြီးတော့ မူဆယ်မြို့ အထွက် မိုင် ၂၈၅/၃ လမ်းဆုံအထိ စုစုပေါင်းဖြတ်ဖောက်မယ့် မြို့ရှောင်လမ်းရဲ့ အရှည်ကတော့ ၁၁ မိုင်ရှည်လျားပါတယ်။ အဆိုပါ ရွေးချယ်ထားတဲ့ လမ်းအူကြောင်းမှာ ဖြစ်နိုင်ခြေအကောင်းဆုံးလမ်းမှာ အပျက်အစီးအနည်းဆုံး လမ်းကိုရွေးချယ်ထားပြီးတော့ လောလောဆယ် တိုင်းတာမှုများအရ အဲဒီမှာ သီးပင်တွေအနေနဲ့ လိုင်ချီး ၀.၃၅၅ ဧက၊ သရက် ၀.၆၇၆ ဧက၊ မက်ဂဒေးမီးယား ၂.၁၃၂ ဧက၊ ရော်ဘာ ၂၁.၀၀၇ ဧက၊ ကော်ဖီ ၁.၁၈၁ ဧက၊ လက်ဖက် ၁.၂၂၃ ဧက၊ ကြံ ၂၂.၉၀၉ ဧက၊ ပြောင်း ၂၈.၂၁၂ ဧက၊ ဝါ ၀.၃၉၁ ဧက၊ ဆူးထင်းရှူး ၅.၆၇၁ ဧက၊ လယ်/ယာ ၂၄.၅၀၄ ဧက၊ ရေကန်က ၂ ကန်နဲ့ စာသင်ကျောင်းနှင့် ဘုန်းကြီးကျောင်းအပါအဝင် အဆောက်အဦ ၅၄ လုံးပါဝင်ပြီးတော့ ယနေ့ အထိ ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မူဆယ်မြို့ရှောင်လမ်းကို အမြန်ဆုံးဖောက်လုပ်နိုင်ရေးအတွက် ကျွန်တော်တို့ အနေနဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်သူလူထုနဲ့သက်ဆိုင်သော ဌာနအဖွဲ့အစည်းများ

ပါဝင်ပြီးတော့ လမ်းအူကြောင်းမှာပါဝင်တဲ့ လမ်းနယ်များမှ သဘောတူညီမှုရရှိဖို့ရာ အရေးကြီးနေတဲ့ အတွက် ၎င်းကိစ္စကို ဝိုင်းဝန်းညှိနှိုင်းအကောင်အထည်ဖော်ဆောင်ရွက်ပေးကြပါလို့ မေတ္တာရပ်ခံရင်းနဲ့ ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ရှိပါတယ်။

**နန်းယွန်းမြို့နယ်၏ အဓိကဆက်သွယ်ရေးလမ်းကြောင်းဖြစ်သော ရှင်ဗွေယန်-နန်းယွန်း-ပန်ဆောင်လမ်းပိုင်း လီဒိုလမ်းမကြီးအား ရာသီမရွေးသွားလာနိုင်သော လမ်းမကြီးအဖြစ် အဆင့်မြှင့်တင်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့် မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ နန်းယွန်းမဲဆန္ဒနယ်မှ ဦးဝမ်းလှ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးဝမ်းလှ(နန်းယွန်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံးကို မင်္ဂလာပါလို့ နှုတ်ဆက်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နန်းယွန်းမဲဆန္ဒနယ်ရဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝမ်းလှ ဖြစ်ပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီး၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နန်းယွန်းမြို့နယ်ရဲ့ အဓိကဆက်သွယ်ရေးလမ်းကြောင်းဖြစ်သော ရှင်ဗွေယန်-နန်းယွန်း-ပန်ဆောင်လမ်းပိုင်း လီဒိုလမ်းမကြီးအား ရာသီမရွေးသွားလာနိုင်သောလမ်းမကြီးအဖြစ် အဆင့်မြှင့်တင်အကောင်အထည်ဖော် ဆောင်ရွက်ပေးမည့်အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းပြီးမှ မေးမြန်းမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နယ်မြေခံဒေသတစ်ခု ဖွံ့ဖြိုးတိုးတက်ဖို့ဆိုလို့ရှိရင် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ချောမွေ့ဖို့က အင်မတန်အရေးကြီးပါတယ်။ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်မှသာလျှင် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းတွေအတွက် ဆောင်ရွက်ရာမှာ အထူးအကျိုးပြုလာမှာဖြစ်ပါတယ်။ နန်းယွန်းမြို့နယ်ဟာ စစ်ကိုင်းတိုင်းဒေသကြီး၊ ခန္တီးခရိုင်အတွင်းမှာတည်ရှိပေမယ့် လမ်းပန်းဆက်သွယ်ရေးအရ နန်းယွန်းမြို့နယ်ရဲ့ အဓိကအသက်သွေးကြောဟာ စတီးဝေးလမ်းမကြီးအဖြစ် ထင်ရှားတဲ့ လီဒိုလမ်းမကြီးပဲ ဖြစ်ပါတယ်။ ဒီလမ်းမကြီးဟာ မြစ်ကြီးနား-တနိုင်း-ရှင်ဗွေယန်-နန်းယွန်း-ပန်ဆောင် အိန္ဒိယအထိ ဆက်သွယ်ထားပြီးတော့ ဒုတိယကမ္ဘာစစ်အတွင်းက ဖောက်လုပ်ခဲ့တဲ့ ထင်ရှားတဲ့လမ်း အစိတ်အပိုင်းပဲ ဖြစ်ပါတယ်။ နန်းယွန်းမြို့နယ်ရဲ့ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ ဒေသဖွံ့ဖြိုးရေးတွေအတွက် ကုန်ပစ္စည်းတွေ၊ ရိက္ခာတွေကို သယ်ယူရာမှာလည်း ဒီလမ်းကိုပဲ အသုံးပြုရတာ ဖြစ်ပါတယ်။ အခုချိန်မှာ ဒီလမ်းဟာမိုးများတဲ့ ရာသီဥတုဒဏ်

ကြောင့် လမ်း၊ တံတားပျက်ဆီးမှု၊ မြေပြိုမှုတွေများပြီး ဒေသခံပြည်သူလူထုတွေ၊ နိုင်ငံ့ဝန်ထမ်းတွေ နှစ်စဉ်နှစ်တိုင်း ခရီးသွားလာမှုအခက်အခဲတွေကို ကြုံတွေ့ကြရပါတယ်။ လမ်းခက်ခဲမှုကြောင့် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးဆိုင်ရာတွေမှာ သွားလာသယ်ယူပို့ဆောင်နိုင်ခြင်း မရှိပါဘူး။ ရှင်ဗွေယန်ကနေ ပန်ဆောင်အထိ မိုင် ၇၀ ခန့်သာရှိပေမယ့်လို့ အကြောင်းအမျိုးမျိုးကြောင့် ဒီနေ့ အချိန်အထိ ရာသီမရွေးသွားလာနိုင်တဲ့ ကားလမ်းဖြစ်မလာသေးပါဘူး။

ဒါကြောင့် ဆိုင်ကယ်နဲ့သာ ခက်ခက်ခဲခဲသွားလာရပြီး ဆိုင်ကယ်ကယ်ရီခကိုလည်း ငွေကျပ် ၈၀၀၀၀ ကနေ ၉၀၀၀၀ ကျော်အထိ ပေးချေနေရပါသည်။ မိုင် ၃၃ မိုင်သာဝေးတဲ့ နန်းယွန်းနှင့် ရှင်ဗွေယန်ကြားမှာပဲ ညအိပ်ပြီးမှ ကျွန်တော်တို့ ခရီးသွားကြရတာ ဖြစ်ပါတယ်။ လမ်းဦးစီးဌာန ကလည်း မိုးကုန်ချိန် နိုဝင်ဘာလမှသာ လမ်းပြုပြင်ရတာမို့လို့ တစ်ကယ်တမ်း ကားတွေသွားလာလို့ ရတဲ့အချိန်က ပွင့်လင်းရာသီဖြစ်တဲ့ ဒီဇင်ဘာလကနေ ဖေဖော်ဝါရီလအထိ သုံးလပဲဖြစ်ပါတယ်။ ဒီကာလထဲမှာပဲ ဒေသဖွံ့ဖြိုးရေးအတွက် ကားတွေနဲ့ကုန်ပစ္စည်းတွေ သယ်ယူကြရပါတယ်။ ဒီလမ်းမကြီးကို အဆင့်မြှင့်တင် ဆောင်ရွက်ပေးမယ်ဆိုလို့ရှိရင် အိန္ဒိယနိုင်ငံကို တိုက်ရိုက်ဆက်သွယ်နိုင်ပြီး ကုန်စည်ကူးသန်းရောင်း ဝယ်နိုင်မှာဖြစ်တဲ့အတွက် ဒေသခံပြည်သူများနဲ့ နိုင်ငံတော်အတွက်လည်း များစွာအကျိုးဖြစ်ထွန်းစေမှာ ဖြစ်ပါတယ်။ ရှင်ဗွေယန်-နန်းယွန်းလမ်းအပိုင်းနဲ့ စပ်လျဉ်းပြီးတော့လည်း ၃၀-၁၁-၂၀၁၃ ပထမအကြိမ် ပြည်သူ့လွှတ်တော် အစည်းအဝေးမှာ နန်းယွန်းမြို့နယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်မှ ကြယ်ပွင့်မပြမေးခွန်းမေးမြန်းမှုကို သက်ဆိုင်ရာဝန်ကြီးဌာနက ဖြေကြားရာမှာ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်နှင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှာ ပြည်ထောင်စုငွေလုံးငွေရင်းနဲ့ ဆောင်ရွက်မှုကို ဖြေကြားခဲ့ပြီး ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်မှာ တိုင်းဒေသကြီးရန်ပုံငွေ ၈၈၅.၅ သန်း လျာထားတင်ပြတောင်းခံထားကြောင်း သိရပါတယ်။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်မှာ တိုင်းဒေသကြီး ရန်ပုံငွေကျပ် ၄၀၄.၅ သန်းပဲလျာထားတဲ့အတွက် ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်မတိုင်မီ မပြီးနိုင်လို့ ကတိကဝတ်စာရင်းက ပယ်ဖျက်ပေးဖို့ တင်ပြလာပါတယ်။ ထို့အတူပဲ ၁၉-၁၁-၂၀၁၄ ရက်စွဲပါစာအမှတ်၊ လဆမ/ BOT/ နန်းယွန်း-ပန်ဆောင်/၂၀၁၄ -၂၀၁၅(၁၅၄၅) ဦးဆောင်ညွှန်ကြားရေးမှူး ပြည်သူ့ဆောက်လုပ်ရေးရဲ့ ရည်ညွှန်းချက်မှာ မြောက်ပိုင်းတော်ဝင် ကျောက်စိမ်းကုမ္ပဏီရဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ထိန်ချုံးမှာရှိတဲ့ ထိန်ပင်လမ်းဖောက်လုပ်ရေးကုမ္ပဏီတို့ ပူးပေါင်းပြီးမှ နန်းယွန်းကနေပန်ဆောင်အထိ ၂၂၈ မိုင်ကို ၆ နှစ်စီမံကိန်းနဲ့ အကောင်အထည်ဖော်ဆောင်ရွက်ဖို့ တင်ပြလာမှုကို ပြည်ထောင်စုအစိုးရအဖွဲ့အနေနဲ့ ဆောက်လုပ်ရေးဝန်ကြီးဌာနဆီ သဘောထားတင်ပြဖို့ အကြောင်း

**မှုကြမ်း**

ကြားတာနှင့်အညီ ဆောက်လုပ်ရေးဝန်ကြီးဌာနကလည်း တင်ပြချက်ကိုစိစစ်ပြီးတော့ စည်းမျဉ်းနှင့် ကိုက်ညီမှုရှိတာကြောင့် ၁၉-၁၁-၂၀၁၄ ရက်နေ့မှာ BOT စနစ်ဆောင်ရွက်ခွင့်ပြုခဲ့တာကို သိရှိရပါတယ်။ ဒါပေမဲ့လည်း ယနေ့အချိန်အထိ နန်းယွန်း-ပန်ဆောင်လမ်းအပိုင်းမှာ တစ်စုံတစ်ရာ အကောင်အထည်ဖော် လုပ်ဆောင်ခြင်းမတွေ့ရသေးသဖြင့် ဒေသခံပြည်သူလူထုများကိုယ်စား ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဆောက်လုပ်ရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးဝင်းခိုင်(ပြည်ထောင်စုဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအား ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော့်အနေနဲ့ စစ်ကိုင်းတိုင်းဒေသကြီး၊ နန်းယွန်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝမ်းလှမှမေးမြန်းထားတဲ့ စစ်ကိုင်းတိုင်းဒေသကြီး၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ နန်းယွန်းမြို့နယ်၏ အဓိကဆက်သွယ်ရေးလမ်းကြောင်းဖြစ်သော ရှင်ဗွေယန်-နန်းယွန်း-ပန်ဆောင်လမ်းပိုင်း လီဒိုလမ်းမကြီးအား ရာသီမရွေးသွားလာနိုင်သော လမ်းမကြီးအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ပေးမည့်အစီအစဉ်ရှိ/မရှိနဲ့ မရှိပါက မည်သည့်အတွက်ကြောင့် ဖြစ်သည်ကို သိရှိလိုခြင်းနှင့်စပ်လျဉ်းတဲ့မေးခွန်းအား ရှင်းလင်းဖြေကြားပေးမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းမှာရှိတဲ့ ရှင်ဗွေယန်-နန်းယွန်း-ပန်ဆောင်လမ်းဟာဆိုရင် ၅၁ မိုင်ရှည်လျားပြီးတော့ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ကနေ စီမံခန့်ခွဲတဲ့လမ်းဖြစ်ပါတယ်။ ၃၁-၃-၂၀၁၆ ရက်နေ့ လမ်းအခြေအနေကတော့ ၁၂ ပေအကျယ် ကျောက်လမ်း ၂ မိုင် ၂ ဖာလုံ၊ ၁၂ ပေအကျယ် အမာခံလမ်း ၄၈ မိုင် ၆ ဖာလုံဖြစ်ပါတယ်။ ရှင်ဗွေယန်-နန်းယွန်း- ပန်ဆောင်လမ်းမှာ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်ကနေပြီးတော့ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အထိ နှစ်စဉ်ခွဲဝေရရှိတဲ့ ရန်ပုံငွေကျပ်သန်းပေါင်း ၂၅၇၆.၅ သန်းနဲ့ ၃၄ ပေအကျယ်ရှိတဲ့ မြေသားတာပေါင်တင်ခြင်းလုပ်ငန်း ၁၅ မိုင် ၄ ဖာလုံ၊ အမာခံလမ်းအပျက်ကိုပြုပြင်ခြင်း ၃၂ မိုင် ၂ ဖာလုံ၊ တောင်ပြိုမြေဖယ်ရှားခြင်း ၁ မိုင် ၅ ဖာလုံ၊ ကျောက်ချောလမ်းခင်းခြင်း ၂ မိုင် ၂ ဖာလုံ၊ ရေထုတ်ပြွန်တည်ဆောက်ခြင်း ကိုးစင်း၊ သစ်သားတံတားတည်ဆောက်ခြင်း ၂၄ စင်း၊ Box Culvert တည်ဆောက်ခြင်း ၁၉ စင်း၊ သံမဏိကြမ်းခင်းနဲ့ဘေလီတံတားတည်ဆောက်ခြင်းတစ်စင်း၊ တံတား

ပြုပြင်ခြင်းနှစ်စင်းနဲ့ ကျောက်စီကမ်းကပ်ခုံနှင့် သစ်သားတံတားတည်ဆောက်ခြင်းငါးစင်းစတဲ့လုပ်ငန်းတွေကို ဆောင်ရွက်ပြီးစီးပြီးဖြစ်ပါတယ်။ ရှင်ဗွေယန်- နန်းယွန်း- ပန်ဆောင်လမ်းဟာဆိုရင် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် စစ်ကိုင်းတိုင်းဒေသကြီး ပြင်ဆင်ထိန်းသိမ်းခြင်းရန်ပုံငွေနဲ့ မူလအမာခံလမ်းကနေပြီးတော့ ကျောက်ခင်းလမ်း ၅ မိုင်၊ ကျောက်စီကမ်းကပ်ခုံနဲ့ သစ်သားကြမ်းခင်းတံတားတည်ဆောက်ခြင်းတစ်စင်း၊ ဘေလီတံတား ဘီးလမ်းကြမ်းခင်းလဲလှယ်ခြင်း၊ ဆေးသုတ်ခြင်းတစ်စင်း၊ ကွန်ကရစ်ရေထုတ်ပြွန်တည်ဆောက်ခြင်းခြောက်စင်း စတဲ့လုပ်ငန်းတွေကို ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ရှင်ဗွေယန်-နန်းယွန်း-ပန်ဆောင်လမ်းကို ရာသီမရွေးသွားလာနိုင်တဲ့ ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင်နိုင်ရန်အတွက် ခန့်မှန်းခြေကုန်ကျငွေဟာဆိုရင် ကျပ် ၄.၅ ဘီလီယံ လိုအပ်မှာဖြစ်ပြီးတော့ ၃ နှစ်အတွင်း စီမံချက်များရေးဆွဲဆောင်ရွက်သွားမှာဖြစ်တဲ့အတွက် နှစ်စဉ်ခွဲဝေရရှိတဲ့ ရန်ပုံငွေတွေအပေါ်မှာမူတည်ပြီးတော့ ရာသီမရွေးသွားလာနိုင်တဲ့ ကျောက်ခင်းကျောက်ချောလမ်းလုပ်ငန်းများ ဆောင်ရွက်ပေးသွားမှာဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို အထူးပဲကျေးဇူးတင်ရှိပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဦးဝမ်းလှ(နန်းယွန်းမဲဆန္ဒနယ်)**။ ။ အခုလိုဖြေကြားပေးတဲ့အတွက် ဝန်ကြီးကို အထူးပဲကျေးဇူးတင်ပါတယ်။ အခု ကျွန်တော်တို့ ၂၀၁၂ ကနေပြီးတော့ ၂၀၁၅-၂၀၁၆ မှာ ရှင်ဗွေယန်-နန်းယွန်းလမ်းအပိုင်းမှာ ဝန်ကြီးဖြေကြားသွားတဲ့အထဲမှာ ကျွန်တော်တို့ရဲ့ ရေထုတ်ပြွန်တွေလည်းပဲ တစ်ခုမှမရှိပါဘူး။ ဒါကြောင့်မို့လို့ ဝန်ကြီးဌာနဆီမှာ တင်ပြလာတဲ့စာရင်းတွေကို၊ ဓာတ်ပုံအကြမ်းတွေ၊ ရိုက်ထားတဲ့ဟာတွေကို ကျွန်တော်တို့ကြည့်ပြီးတော့ ပြန်ပြီးတော့ မဖြေကြားစေချင်ပါဘူးခင်ဗျ။ ကျွန်တော်တို့ဆီမှာ လက်တွေ့မြေပြင်မှာဖြစ်ပျက်နေတဲ့အရာတွေကို လာရောက်အသေးစိတ်လေ့လာပြီးတော့ ကျွန်တော်တို့ဒေသရဲ့အကျိုးကို စေတနာရှိရှိနဲ့ ဆောင်ရွက်ပေးတာကို ကျွန်တော်တို့ လိုချင်ပါတယ်။ ကျွန်တော်တို့ဆီမှာ Box Culvert တွေ နန်းယွန်းနဲ့ ရှင်ဗွေယန်လမ်းအပိုင်းမှာ တစ်ခုမှမရှိပါဘူးခင်ဗျား။ ဒါကြောင့်မို့လို့ နောင်လာမယ့်အချိန်မှာ လုပ်တဲ့လုပ်ငန်းတွေတစ်ခုစီတိုင်းကို ဝန်ကြီးဌာနတွေကနေပြီးတော့ အသေးစိတ်ကြီးကြပ်ဆောင်ရွက်ပေးဖို့ရန်အတွက်လည်းပဲ တင်ပြလိုပါတယ်။ ကျွန်တော်တို့ဒေသမှာ ဒီနေ့အချိန်အထိ ရှင်ဗွေယန်နှင့် နန်းယွန်းကြားမှာ ညအိပ်ပြီးသွားရပါတယ်။ ဆိုင်ကယ်ခရီးကိုလည်း ခက်ခက်ခဲခဲသွားရပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ရဲ့ နန်းယွန်း-

ရှင်ဗွေယန်လမ်းအပိုင်း၊ နန်းယွန်း-ပန်ဆောင်လမ်းအပိုင်းကို အဆင့်မြင့်လမ်း ဖောက်လုပ်ပေးဖို့ရန် အတွက် အချိန်မီဆောက်လုပ်ပေးဖို့ရန်အတွက် မေးမြန်းတင်ပြရခြင်းဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဖြေကြားပေးပါ။

**ဦးဝင်းခိုင်(ပြည်ထောင်စုဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ ကျွန်တော့်အနေနဲ့ ကိုယ်စားလှယ်ကြီးတင်ပြတဲ့အပေါ်မှာ ကျွန်တော် ဒါ လက်ခံပါတယ်။ ကျွန်တော့်အနေနဲ့လည်း ဒီတင်ပြ ချက်တွေအပေါ်မှာ ပြန်လည်ပြီးတော့ စိစစ်ပေးပါ့မယ်။ ဒီကိစ္စတင်ပြလာတဲ့အခါမှာ ကျွန်တော့်အနေနဲ့ မူလ ဒီနှစ်ထဲမှာတော့ အမှန်ဆိုရင် ကျောက်ခင်းလမ်း ၁ မိုင်ပဲလုပ်ဖို့ မူလ သူတို့ လျာထားတာဖြစ်ပါ တယ်။ သို့သော် ဒီဒေသရဲ့အရေးကြီးတဲ့အနေအထားရှိတဲ့အတွက် ကျွန်တော့်အနေနဲ့ ဒီနှစ်ကို ကျောက်ခင်းလမ်း ၅ မိုင်အထိ တိုးချဲ့ပါဆိုပြီးတော့ ဒါ ကျွန်တော်ရဲ့ ဦးဆောင်မှုနဲ့ ၅ မိုင်ကျောက်ခင်း လမ်းဖြစ်အောင် ဖြည့်တင်းထားခြင်းလည်းဖြစ်ပါတယ်။ နောက်တစ်ခုကလည်း ကျွန်တော့်အနေနဲ့ ဒီလမ်းကို ရာသီမရွေးသွားလာနိုင်တဲ့လမ်းတစ်ခုဖြစ်ဖို့အတွက် ကျွန်တော်လည်း ဖြစ်စေချင်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော့်အနေနဲ့ အခုနက တင်ပြတဲ့အတိုင်းပဲ သုံးနှစ်အတွင်းမှာ ဘဏ္ဍာငွေ ၄.၅ ဘီလီယံ၊ တစ်နှစ်ကိုတော့ ၁.၅ ဘီလီယံ ထည့်ပြီးတော့ ဖော်ပြပါ ရှင်ဗွေယန်-နန်းယွန်း-ပန်ဆောင်လမ်း ကြီးကို ရာသီမရွေးသွားလာနိုင်တဲ့ အနည်းဆုံးကျောက်ချော၊ ကျောက်ခင်းလမ်းကြီးဖြစ်အောင် ကျွန်တော်တို့ဆောင်ရွက်ပေးမယ်ဆိုတာ ထပ်လောင်းတင်ပြလိုပါတယ်။ ကျေးဇူးတင်ပါတယ်။

**ပေါက်တော-စစ်တွေ သို့မဟုတ် ပေါက်တော-ပုဏ္ဏားကျွန်းကိုဖြတ်၍ မဟာဗျူဟာမြောက် ကစ္ဆပနဒီ (ကုလားတန်)မြစ်ကူးတံတားတည်ဆောက်မည့်အစီအစဉ် မည်သို့ရှိသည်ကို သိရှိလိုခြင်းနှင့်စပ်လျဉ်း သည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပေါက်တောမဲဆန္ဒနယ်မှ ဦးအောင်ကျော်ဇံ မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးအောင်ကျော်ဇံ(ပေါက်တောမဲဆန္ဒနယ်)**။ ။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဝန်ကြီးများနှင့် ဧည့်သည်တော်များကို ရိုသေစွာဂါရဝပြု ပါတယ်။ ကျွန်တော်က ပေါက်တောမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်ဇံ ဖြစ်ပါတယ်။ ကျွန်တော့် မေးခွန်းက ပေါက်တော-စစ်တွေ သို့မဟုတ် ပေါက်တော-ပုဏ္ဏားကျွန်းမြို့များ ကိုဖြတ်၍ ကစ္ဆပနဒီမြစ်(ကုလားတန်မြစ်) မြစ်ကူးတံတားသစ်တည်ဆောက်မည့်အစီအစဉ် မည်သည့် အဆင့်သို့ရောက်နေပြီဆိုတာကို သိရှိလို၍ ဖြစ်ပါတယ်။ ကျွန်တော် ဆွေးနွေးတဲ့အထဲမှာ ဘာကြောင့်

ဘယ်လို လိုအပ်တယ်ဆိုတာကို ဖောင်းမပေးဘဲနဲ့ ကတိကဝတ်အကြိမ်ကြိမ်ပေးထားတာကို binding ဖြစ်စေချင်လို့ ကျွန်တော် အဓိကထားဆွေးနွေးသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီကိစ္စနှင့် ပတ်သက်လို့ ကျွန်တော် အချက်နှစ်ချက်လောက် တင်ပြပါ့မယ်။ ပထမအချက်ကတော့ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေးမှာ လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာ အေးမောင် မေးလို့ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့်က ဖြေထားတာတစ်ချက် ဖြစ်ပါတယ်။ နောက်တစ်ချက်ကတော့ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးမှုတိုးတက်ရေး အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီဝင် ဆောက်လုပ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးကျော်လင်းက ဖြေထားတာဖြစ်ပါတယ်။ အဲဒီမှာ အသေးစိတ်ပြောရရင်တော့ ပထမဦးစွာ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့် ကတိပေးဖြေထားတာကို လွှတ်တော်မှတ်တမ်း ထဲကအတိုင်းဖတ်ကြားတင်ပြခွင့်ပြုပါ။

ရန်ကုန်-မန္တလေး-အမ်း-မင်းပြား-မြောက်ဦး-စစ်တွေ အဝေးပြေးလမ်းမကြီးရဲ့ အရေးပါတဲ့ မိုင် ၈၀ မှ ၁၀၀ ခန့်အထိ ကျုံ့သွားစေမယ့် ကစ္ဆပနဒီတံတားသစ် စီမံကိန်းကို ဖြစ်မြောက်နိုင်စွမ်းလေ့လာမှု Feasibility Study လုပ်ငန်းဆောင်ရွက်ရန် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ပေါက်တော-ပုဏ္ဏားကျွန်းလမ်းပိုင်းအား တိုင်းတာဆောင်ရွက်လျက်ရှိကြောင်း။ ၃၁-၈-၂၀၁၄ ရက်နေ့မှ ၃-၉-၂၀၁၄ ရက်နေ့အထိ ရခိုင်ပြည်နယ်ခရီးစဉ်မှာ အိန္ဒိယသံအမတ်ကြီးမှ အဆိုပါပုဏ္ဏားကျွန်း-ပေါက်တောလမ်း အပိုင်းနှင့်ပတ်သက်ပြီးတော့ ဆောင်ရွက်မှုများကို သူ့နိုင်ငံက သက်ဆိုင်ရာဝန်ကြီးဌာနကို ပြန်လည် တင်ပြပေးပါမယ်ဆိုတဲ့ မေတ္တာရပ်ခံချက်အရလည်း တိုင်းတာရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ပါ တယ်။ နောက်တစ်ချက်ကတော့ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းအနေနဲ့ အသေးစိတ်တိုင်းတာ ဆောင်ရွက်လို့ ရရှိတဲ့အပိုင်းနဲ့ပတ်သက်လို့ လမ်းကြောင်းနှစ်ခုပြောထားကြောင်း တင်ပြပါမယ်။ ပထမလမ်းကြောင်းက ပုဏ္ဏားကျွန်းဘက်ကနေ ဦးရင်းတောင် တောင်တော်ခြေရင်းကနေ ပေါက်တော ဒီဘက် မြစ်ကမ်းဘက်မှာ ငဝပ်ဆည်ရွာအထိ တံတားအရှည်က ၇၇၉၀ ပေဖြစ်ပါတယ်။ နောက်လမ်းကြောင်းတစ်ခုက ပုဏ္ဏားကျွန်းဘက်က တန့်ဆည်ကျေးရွာ၌ ကျော်ဇံကျေးရွာကြားကနေ ပေါက်တောဘက်က လက်ပံပြား ကျေးရွာကို လာရောက်ဆက်သွယ်တဲ့တံတားအရှည် ၈၂၅၀ ပေရှိတဲ့ လမ်းကြောင်းဖြစ်ပါတယ်။ ဦးစိုးတင့် ပြောတာက ကျွန်တော်တို့က ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှာ တည်ဆောက်ဖို့အစီအစဉ် လုပ်ထားသော်လည်းပဲ Feasibility Study နဲ့ ဒီဇိုင်းများ သေချာမှုမရှိတဲ့ အတွက် ဆောင်ရွက်နိုင်ခြင်းမရှိဘဲ ယခုနှစ် ၂၀၁၆-၂၀၁၇ ခုနှစ် (ဒီနှစ်ပါ) မှစတင်ပြီးတော့

ရန်ပုံငွေလျာထားပြီးဆောင်ရွက်ဖို့ စီစဉ်ထားပါတယ်။ ဒီ့အပြင် ပြည်ပအကူအညီရရင်လည်း အမြန်ဆုံးဖြစ်အောင် ဆောင်ရွက်ဖို့ဆိုတဲ့ အကြောင်း ပြောပြထားပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒုတိယအနေနဲ့ ဆောက်လုပ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးကျော်လင်း လုပ်ငန်းတာဝန်နဲ့ စစ်တွေမှာ ရောက်ရှိစဉ်မှာ ၁-၆-၂၀၁၆ ရက်နေ့က သတင်းစာသမား တွေနဲ့ ထိတွေ့ တွေ့ဆုံလို့ သတင်းစာသမားက ပြန်ရေးထားတာ မြန်မာ့အလင်းသတင်းစာမှာ ၁-၆-၂၀၁၆ ရက်နေ့မှာ ပါပါတယ်။ သတင်းဆောင်းပါးဖြစ်ပါတယ်။ အဲဒီမှာ အခုလိုဖော်ပြထားပါတယ်။ အိန္ဒိယအစိုးရက ကမ်းလှမ်းလာတဲ့အစီအစဉ်တစ်ခုရှိတဲ့အကြောင်း ယင်းမှာ ပုဏ္ဏားကျွန်းမှ မင်းပြားသို့ ကစ္ဆပနဒီမြစ်ကိုဖြတ်၍ တံတားထိုးရန်အတွက် လမ်းအူကြောင်းသုံးကြောင်း ကာကွယ်ထားကြောင်း၊ ယင်းလမ်းအူကြောင်းသုံးကြောင်းအနက် တစ်ခုခုပေါ်တွင် ကစ္ဆပနဒီတံတားသစ်တည်ဆောက်သွား မည်ဖြစ်ကြောင်း အဆိုပါတံတားကို ဒီနှစ်လို့ပြောပါတယ်။ ဒီငါးနှစ်စီမံကိန်းကာလအတွင်း စီစဉ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အဲဒီလို ဦးကျော်လင်းက ပြောသွားပါတယ်။

ကျွန်တော် အထက်တင်ပြပါ တိတိကျကျ လူကြီးများဖြေကြားချက်ကို မျက်မြင်ကြားသိနေရတဲ့ နယ်သူနယ်သားအပေါင်းကတော့ အထူးအားရကျေနပ်ပြီး အချင်းချင်းသတင်းဖလှယ်ရင်းနဲ့၊ မျှော်လင့် ချက်ကြီးစွာနဲ့ ကမ္ဘာဦးလူသားများ နေနဲ့လကို မျှော်တသလို ဒီလမ်းတံတားဖြစ်မြောက်ရေးကိုလည်း မျှော်တနေတယ်ဆိုတဲ့အကြောင်း ထည့်သွင်းပြောကြားလိုပါတယ်။ ဒါပေမဲ့ အစိုးရအပြောင်းအလဲ ကြောင့်လား၊ တခြားပြဿနာကြောင့်လားတော့ မသိဘူး။ အခုထိ ဘာမှ။

**ဥက္ကဋ္ဌ**။ ။ နိဂုံးချုပ်ပါ။

**ဦးအောင်ကျော်ဇံ(ပေါက်တောမဲဆန္ဒနယ်)**။ ။ နိဂုံးချုပ်အနေနဲ့ ပေါက်တော-စစ်တွေ သို့မဟုတ် ပေါက်တော-ပုဏ္ဏားကျွန်းကိုဖြတ်၍ မဟာဗျူဟာမြောက် ကစ္ဆပနဒီ(ကုလားတန်)မြစ်ကူး တံတားတည်ဆောက်မည့်အစီအစဉ် မည်သို့ရှိသည်ကို သိရှိလိုခြင်းဖြစ်ကြောင်း မေးမြန်းလိုပါသည် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဆောက်လုပ်ရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးဝင်းခိုင်(ပြည်ထောင်စုဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ကြီးများ ခင်ဗျား။ ကျွန်တော့်အနေနဲ့ ရခိုင်ပြည်နယ်၊ ပေါက်တောမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်ဇံမှ မေးမြန်း ထားတဲ့ ပေါက်တော-စစ်တွေ (သို့မဟုတ်) ပေါက်တော-ပုဏ္ဏားကျွန်းကို ဖြတ်ပြီးတော့ မဟာဗျူဟာ မြောက် ကစ္ဆပနဒီ (ကုလားတန်)မြစ်ကူးတံတား တည်ဆောက်မည့် အစီအစဉ် မည်သို့ရှိသည်၊ မည်သည့် နေ့တွင် စတင်မည်ဆိုသည်ကို သိရှိလိုခြင်းနှင့်စပ်လျဉ်းပြီးတော့ မေးခွန်းအား ရှင်းလင်းဖြေကြား သွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ရခိုင်ပြည်နယ်၊ ပေါက်တော-စစ်တွေ သို့မဟုတ် ပေါက်တော-ပုဏ္ဏားကျွန်းကို ဖြတ်သန်းတည်ဆောက်လိုတဲ့ ကစ္ဆပနဒီမြစ်ကူးတံတားတည်ဆောက်ရေးနှင့်ပတ်သက်ပြီးတော့ ပေါက်တော-ပုဏ္ဏားကျွန်းဘက်မှာ ပဏာမစီမံကိန်းဖြစ်မြောက်နိုင်စွမ်းလေ့လာမှုအရ ပုဏ္ဏားကျွန်းဘက်ကမ်း၊ တန်ဆွေကျေးရွာနှင့် ကျော်ဇံကျေးရွာအနီး၊ ပေါက်တောဘက်ကမ်းမှာ လက်ပံပြားကျေးရွာတို့အား ဆက်သွယ်ထားရှိပြီး ကမ်းနှစ်ဘက်အကွာအဝေး ပေ ၈၂၅၀ ရှိပါတယ်။ ပြည်တွင်းရေကြောင်း နှစ်ထပ်သင်္ဘောကြီးတွေ စစ်တွေမြို့ကနေပြီးတော့ ပုဏ္ဏားကျွန်း-မြောက်ဦး-ကျောက်တော်တို့ကို နေ့စဉ်သွားလာလျက်ရှိရာ ရေလမ်းကင်းလွတ်အမြင့်ကို အနည်းဆုံး ၁၂ မီတာ (၃၆ ပေ) လိုအပ်မှာဖြစ်ပါတယ်။ ပင်မတံတားကြီး ပေ ၈၂၅၀ နှင့် ချဉ်းကပ်တံတား တစ်ဘက်ကို ပေ ၉၀၀ စီ အပါအဝင် တံတားအရှည် စုစုပေါင်း ပေ ၁၀၀၀၀ လောက်ရှိတဲ့ တံတားကြီးဖြစ်ပါတယ်။ လမ်းသစ်ဖောက်လုပ်ရန်အတွက်ကလည်း ၂ မိုင်ခန့်နှင့် နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဆောင်ရွက်ပြီးလမ်း ၁၂ မိုင်ကိုလည်း အဆင့်မြှင့်တင်ရန် လိုအပ်မှာဖြစ်ပါတယ်။ ခန့်မှန်းကုန်ကျမယ့်တန်ဖိုးကတော့ တံတားလုပ်ငန်းအနေနဲ့ ကျပ်သန်းပေါင်း ၈၀၀၀၀ (ဘီလီယံ ၈၀)၊ လမ်းလုပ်ငန်းအနေနဲ့ ကျပ်သန်းပေါင်း ၄၀၀၀ စုစုပေါင်း စီမံကိန်းခန့်မှန်းခြေတန်ဖိုး ကျပ်သန်းပေါင်း ၈၄၀၀၀ ကုန်ကျမည်ဖြစ်တဲ့အတွက် လုပ်ငန်းပမာဏ အင်မတန်ကြီးမားသော လုပ်ငန်းကြီးဖြစ်ကြောင်း တင်ပြလိုပါတယ်။

စစ်တွေကနေ ရန်ကုန်သို့သွားတဲ့နေရာမှာ လက်ရှိလမ်းဖြစ်တဲ့ ပုဏ္ဏားကျွန်း-ကျောက်တော်-မြောက်ဦး-မင်းပြား-နရမ်းလမ်းဆုံအပိုင်းဟာဆိုရင် ၈၆ မိုင်ကွာဝေးပါတယ်။ ပုဏ္ဏားကျွန်းကနေ လမ်းသစ်ဖောက်ပြီးတော့ ယခု တင်ပြထားတဲ့ တံတားကြီး ကစ္ဆပနဒီ(ကုလားတန်)မြစ်ကူးတံတားကြီးနဲ့ ဖြတ်သန်းမယ်ဆိုရင်တော့ ပုဏ္ဏားကျွန်းမြို့-ပေါက်တောမြို့-မင်းပြားမြို့-နရမ်းလမ်းဆုံထိ မိုင် ၄၀ သာ

ကွာတဲ့အတွက် ၄၆ မိုင်ခန့်သာ သွားရတဲ့အတွက် ၄၆ မိုင်ခန့် ခရီးကျုံ့သွားမယ်ဆိုတာလည်း ကျွန်တော်တို့ဌာနအနေနဲ့ သိရှိပါတယ်။ အဲဒီတော့ ဒီတံတားရဲ့အရေးပါမှုလည်း ကျွန်တော်တို့ သိရှိပါတယ်။ ဒီတံတားဖြစ်မြောက်ရေးအတွက်လည်း ကျွန်တော်တို့အနေနဲ့ အစဉ်အဆက်ပဲ အမြဲကျိုးပမ်းပြီးတော့ ဖြစ်နိုင်တဲ့လမ်းတွေကိုလည်း ကျွန်တော်တို့ အမြဲကြည့်နေပါတယ်။ ဒါပေမဲ့ ခုနက တင်ပြတဲ့အတိုင်းပါပဲ အင်မတန်မှ ကြီးမားတဲ့လုပ်ငန်းကြီးတစ်ခုဖြစ်နေတဲ့အတွက် အလွယ်တကူ မဆုံးဖြတ်နိုင်သေးတာကိုတော့ ကိုယ်စားလှယ်တော်ကြီးအား ကျွန်တော်တို့အနေနဲ့ အခုအချိန်မှာ တင်ပြလိုပါတယ်။ ဒီအချိန်မှာ ကျွန်တော်တို့အနေနဲ့ ဦးစားပေးအနေနဲ့ ရခိုင်ပြည်နယ်ရဲ့ အဓိက ဝင်ပေါက်လမ်းမကြီးများဖြစ်တဲ့ ဂွ-ငါးသိုင်းချောင်း-သံတွဲလမ်းပေါ်မှာရှိတဲ့ ဒေါင်းချောင်းတံတား၊ ကျောက်ပါးစပ်တံတား၊ ကျောက်ကြီးတံတား၊ ဗောဓိတံတားအပါအဝင် တံတားကြီး ၁၀ စင်း ခန့်မှန်း တန်ဖိုးကျပ်သန်း ၃၂၉၁၊ မင်းဘူး-အမ်း-စစ်တွေလမ်းပေါ်မှာရှိတဲ့ အုန်းတည်တံတား၊ ယောချောင်း တံတား၊ မြောင်းဘွေတံတား၊ တိမ်ညိုတံတား၊ ယိုးချောင်းတံတား၊ ပတ်ကွေ့တံတားအပါအဝင် တံတားကြီး ၆ စင်း ခန့်မှန်းတန်ဖိုး ကျပ်သန်းပေါင်း ၁၀၆၄၅ တို့ကို ယာယီဘေလီတံတားအဆင့်ကနေ ပြီးတော့ အဆင့်မြှင့်တင်ရန်ကျန်ရှိနေသော်လည်း ဒီတံတားတွေအတွက်တောင်မှ ရန်ပုံငွေအခြေအနေ မရရှိတဲ့အတွက် ဆောင်ရွက်နိုင်ခြင်းမရှိသေးပါဘူး။

ယခု ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှာလည်း ရခိုင်ပြည်နယ်အတွင်းမှာ ပြည်ထောင်စုရန်ပုံငွေ ကျပ်သန်း ၁၉၀၀ နဲ့ အမ်း-စစ်တွေလမ်းပေါ်မှာရှိတဲ့ ဒလက်ချောင်းတံတား အဆင့်မြှင့်တင်ခြင်း လုပ်ငန်း၊ ပြည်နယ်ရန်ပုံငွေကျပ်သန်း ၃၀၂၉.၅ နဲ့ မင်းပြား-မြေပုံလမ်းပေါ်မှာရှိတဲ့ ကြပ်စင်တံတား၊ ပုဏ္ဏားကျွန်း-ရသေ့တောင်လမ်းပေါ်မှာရှိတဲ့ တောဖျားချောင်းတံတား၊ ထွန်းရဝေတံတားများအား အသစ်ဆောက်လုပ်လျက်ရှိကြောင်းတင်ပြလိုပါတယ်။ တံတားများအတွက် ထပ်မံလိုအပ်နေတဲ့ ရန်ပုံငွေဟာဆိုရင် ကျပ်သန်းပေါင်း ၁၂၄၀၀ ဖြစ်တယ်ဆိုတာလည်း တင်ပြလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကစ္ဆပနဒီ(ကုလားတန်)မြစ်ကူးတံတားအတွက် စီမံကိန်းဖြစ်မြောက်နိုင်စွမ်း ကျွန်တော်တို့ ကြည့်နေပါတယ်။ ဆိုလိုတာကတော့ ဘယ်ကနေပြီးတော့ ငွေကြေးအထောက်အပံ့နဲ့ ဆောင်ရွက်နိုင်မလဲဆိုတာ ကျွန်တော်တို့ အစဉ်အမြဲ ဒီတံတားကြီးကို ကျွန်တော်တို့ဌာနမှာ အရေးကြီးတဲ့ကဏ္ဍအနေနဲ့ ထားပြီးဆောင်ရွက်လျက်ရှိပါတယ်။ ပမာဏကြီးတဲ့တံတားကြီးဖြစ်ပါတယ်။ ရခိုင်ပြည်နယ်ရဲ့ လောလောဆယ်တော့ ကျွန်တော့်တို့အနေနဲ့ ရခိုင်ပြည်နယ်အဓိကဝင်ပေါက် လမ်းမကြီးများပေါ်ရှိတဲ့ အထက်ပါတံတားများကို ယခု ငါးနှစ်စီမံကိန်းအတွင်းမှာ ဦးစားပေး

ဆောင်ရွက်လျက်ရှိပြီးတော့ လုပ်ငန်းပမာဏအင်မတန်မှကြီးမားတဲ့ အဆိုပါကစ္စပနဒီ(ကုလားတန်) မြစ်ကူးတံတားကိုတော့ ကျွန်တော်တို့ဆောင်ရွက်သင့်ပါကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။ သို့သော် လောလောဆယ်အခြေအနေမှာတော့ မူလတင်ပြတဲ့ ရခိုင်ပြည်နယ် ဝင်ပေါက်တံတားကြီးတွေကို ဦးစားပေးဆောင်ရွက်လျက်ရှိနေတာဆိုတာ တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ရှိပါတယ် ခင်ဗျား။ (သြဘာသံများ)

**ဗိုလ်တထောင်မြို့နယ်မှ ကြည့်မြင်တိုင်မြို့နယ်အထိ ဖောက်လုပ်ထားသော ကမ်းနားလမ်းသစ်စီမံကိန်းကို မည်သည့်စနစ်နှင့်ဖောက်လုပ်ခဲ့ပြီး လမ်းဖြတ်သန်းခ အခွန်ငွေများကို ပြည်ထောင်စုဘဏ္ဍာငွေ ရသုံးမှန်းခြေငွေစာရင်းသို့ ထည့်သွင်းခြင်းရှိ/မရှိနှင့် မည်သည့်ဝန်ကြီးဌာန သို့မဟုတ် အဖွဲ့အစည်းနှင့် အကျိုးတူဆောင်ရွက်ထားသည်ကို သိရှိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ အလုံမဲဆန္ဒနယ်မှ ဦးရဲလွင် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးရဲလွင်(အလုံမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ဧည့်သည်တော်များ၊ လွှတ်တော်ကိုယ်စားလှယ်တော်များအားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ အလုံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရဲလွင်ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဗိုလ်တထောင်မြို့နယ်မှ ကြည့်မြင်တိုင်မြို့နယ်အထိဖောက်လုပ်ထားတဲ့ ကမ်းနားလမ်းသစ်စီမံကိန်းကို ၂၀၁၀ ပြည့်နှစ် ဇူလိုင်လမှာ အေးရှားဝေါလ်ကုမ္ပဏီမှ စတင်ဖောက်လုပ်ခဲ့ပြီးတော့ ငါးမိုင်ခန့်ရှည်လျားကာ လမ်းအကျယ်ပေ ၆၀ ခန့် ကျယ်ဝန်းပါတယ်။ အေးရှားဝေါလ် Container ဆိပ်ကမ်းအပါအဝင် Container ဆိပ်ကမ်းအားလုံးမှ Container ယာဉ်များဟာ ၎င်းလမ်းမကြီးကနေပြီးတော့ ဖြတ်သန်းကြရပါတယ်။ ကမ်းနားလမ်းသစ်စီမံကိန်းဖောက်လုပ်စဉ် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ စီမံခန့်ခွဲမည်မဟုတ်ဘဲ ပို့ဆောင်ရေးဝန်ကြီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့တို့နှင့် ပူးပေါင်းဆောင်ရွက်မည်ဟုလည်း သိရပါတယ်။ အေးရှားဝေါလ်ကုမ္ပဏီမှ စီမံကိန်းဒါရိုက်တာကလည်း ၎င်းတို့ကုမ္ပဏီမှာ စီမံကိန်းကန်ထရိုက်မဟုတ်ဘဲ ပို့ဆောင်ရေးဝန်ကြီးဌာနကို ကူညီဆောင်ရွက်သွားမည်ဖြစ်ကြောင်း ၂၀၁၀ ခုနှစ်၊ ဇူလိုင်လ ၉ ရက်နေ့မှာ ပြောကြားခဲ့ပါတယ်။ ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၈ ရက်နေ့မှာ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်(MIC)မှ အေးရှားဝေါလ်ကုမ္ပဏီအား တိုးဂိတ်ဖြင့် အခကြေးငွေကောက်ခံခွင့်ပြုခဲ့ပါတယ်။ ယခုအခါ ကောင်းမြတ်သောမြေကုမ္ပဏီ(Virtue Land Co.,Ltd)မှ Container တစ်စီးလျှင် ၄၀၀၀

ကျပ်နှင့် ယာဉ်ငယ်တစ်စီးလျှင် ၁၅၀၀ ကျပ်ကောက်ခံပြီး နှစ်စဉ်ဝင်ငွေအမြောက်အမြားရရှိနေတယ်လို့ လည်းသိရှိရပါတယ်။

သို့ဖြစ်ပါ၍ အောက်ဖော်ပြပါကြယ်ပွင့်ပြမေးခွန်းအား ပြည်သူများကိုယ်စား ဥက္ကဋ္ဌကြီးမှ တစ်ဆင့် မေးမြန်းတင်ပြအပ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တထောင်မြို့နယ်မှ ကြည့်မြင်တိုင် မြို့နယ်အထိဖောက်လုပ်ထားသော ကမ်းနားလမ်းသစ်စီမံကိန်းကို မည်သည့်စနစ်ဖြင့် ဖောက်လုပ်ခဲ့ပြီး လမ်းဖြတ်သန်းခအခွန်ကောက်ငွေများကို ပြည်ထောင်စုဘဏ္ဍာငွေရသုံးမှန်းခြေငွေစာရင်းသို့ ထည့် သွင်းထားခြင်းရှိ/မရှိနှင့် မည်သည့်ဝန်ကြီးဌာန သို့မဟုတ် အဖွဲ့အစည်းနှင့်အကျိုးတူဆောင်ရွက်ထား သည်ကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဆောက်လုပ်ရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးဝင်းခိုင်(ပြည်ထောင်စုဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါ သော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော့် အနေနဲ့ ရန်ကုန်တိုင်းဒေသကြီး၊ အလုံမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရဲလွင်မှ မေးမြန်း ထားတဲ့ ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တထောင်မြို့နယ်မှ ကြည့်မြင်တိုင်မြို့နယ်အထိ ဖောက်လုပ်ထား တဲ့ ကမ်းနားလမ်းသစ်စီမံကိန်းကို မည်သည့်စနစ်နှင့်ဖောက်လုပ်ခဲ့ပြီးတော့ လမ်းဖြတ်သန်းခ အခွန်ငွေ များကို ပြည်ထောင်စုဘဏ္ဍာငွေရသုံးမှန်းခြေငွေစာရင်းသို့ ထည့်သွင်းခြင်းရှိ/မရှိနှင့် မည်သည့်ဝန်ကြီး ဌာန သို့မဟုတ် အဖွဲ့အစည်းနှင့် အကျိုးတူဆောင်ရွက်ထားသည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းတဲ့ မေးခွန်းအား ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ကိုယ်စား ရှင်းလင်းဖြေကြား သွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကမ်းနားလမ်းသစ် ကွန်ကရစ်လမ်းမကြီးဟာဆိုရင် ဗိုလ်တထောင်မြို့နယ် သန်လျက်စွန်းကနေပြီးတော့ ကြည့်မြင်တိုင်မြို့နယ်၊ ဗားကရာလမ်းအထိ ၅.၀၆၉ မိုင်ရှည်လျားပါတယ်။ တစ်ဖက်လျှင် ယာဉ်သွားလမ်းနှစ်လမ်းဖြစ်ပြီးတော့ ကမ်းနားလမ်းဘက် ယာဉ်သွားလမ်းတွင် မီးရထားလမ်းပါ ထည့်သွင်းဖောက်လုပ်ထားတဲ့အတွက် လမ်းရဲ့အကျယ်ဟာ ၅၂ ပေရှိပါတယ်။ ကမ်းနားလမ်းသစ်ကို Virtue Land Co.,Ltd (ကောင်းမြတ်သောမြေကုမ္ပဏီ)ကနေ ပြီးတော့ ကုန်ကျငွေအားလုံး စိုက်ထုတ်ဆောင်ရွက်ခဲ့ပြီး ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ နှင့်အကျိုးတူ B.O.T စနစ်ဖြင့် ဝင်ငွေအပေါ်တွင် အောက်ပါအတိုင်း အကျိုးအမြတ်ခွဲဝေ၍

ဆောင်ရွက်ခွင့်ပြုရန် ၁၃-၂-၂၀၁၃ ရက်နေ့မှာကျင်းပတဲ့ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် (၇/၂၀၁၃)ကြိမ်မြောက် အစည်းအဝေးမှ ခွင့်ပြုချက်အမှတ်၊ မနသ-၈၈၈/၂၀၁၃ နဲ့ခွင့်ပြုခဲ့ပါတယ်။ အကျိုးအမြတ်ခွဲဝေတာနဲ့ပတ်သက်လို့ကတော့ ကာလအပိုင်းအခြား ပထမနှစ်ကနေ ၁၅ နှစ်အထိကို ငါးရာခိုင်နှုန်း ပေးသွင်းရမှာဖြစ်ပါတယ်။ ၁၆ နှစ်ကနေပြီးတော့ နှစ် ၃၀ အထိ ရှစ်ရာခိုင်နှုန်း ပေးသွင်းရန်ဖြစ်ပြီးတော့ ၃၁ နှစ်ကနေ နှစ် ၄၀ အထိကိုတော့ ၁၀ ရာခိုင်နှုန်း ပေးသွင်းရန်ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ လမ်းဖြတ်သန်းခအနေနဲ့တော့ ၁၄ ပေနှင့်အောက်ယာဉ်တစ်စီးလျှင် ကျပ် ၁၅၀၀ နှုန်း၊ တန် ၂၀ နှင့်အထက် ကုန်တင်ယာဉ်တစ်စင်းလျှင် ၄၀၀၀ နှုန်းနဲ့ နံနက်ခြောက်နာရီကနေပြီးတော့ နောက်တစ်နေ့နံနက် ခြောက်နာရီအထိ ၂၄ နာရီအတွင်း ယာဉ်တစ်စီးလျှင် တစ်ကြိမ်သာကောက်ခံပြီး ဖြတ်သန်းခွင့်ပြုခြင်းကို ၂၀၁၃ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့ကနေစပြီးတော့ ဆောင်ရွက်ကောက်ခံလျက်ရှိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အထက်ပါအကျိုးအမြတ်ခွဲဝေမှုအတိုင်း Virtue Land Co.,Ltd (ကောင်းမြတ်သောမြေကုမ္ပဏီ)ကနေပြီးတော့ ကောက်ခံရရှိငွေရဲ့ ငါးရာခိုင်နှုန်းကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ငွေစာရင်းသို့ပေးသွင်းလျက်ရှိရာ ၂၀၁၃- ၂၀၁၄ ဘဏ္ဍာရေးနှစ်မှာ သန်းပေါင်း ၁၄၁.၁၄၉၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှာ သန်းပေါင်း ၁၅၂.၁၁၄ စုစုပေါင်း သန်းပေါင်း ၂၉၃.၂၆၄ ပေးသွင်းခဲ့ပြီးဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ကိုယ်စား ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ရှိပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့အတွက် မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်းအစီအစဉ်ပြီးပါပြီ။ ဆောက်လုပ်ရေးဝန်ကြီး ပြန်လည်ထွက်ခွာနိုင်ပါတယ်။

**ဦးဇော်မင်းသိန်း၊ လေးမျက်နှာမဲဆန္ဒနယ်က ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ဧရာဝတီမြစ်နှင့် ငဝန်မြစ်အား ကာရံထားသော ရေကာတာများအား ယခုရောက်ရှိမည့် မိုးရာသီတွင် ပြည်သူများ စိုးရိမ်ပူပန်မှုမရှိအောင် ကြိုတင်အစီအမံများ ချမှတ်ဆောင်ရွက်ထားရှိရေးနှင့် လာမည့်ပွင့်လင်းရာသီတွင် တာတမံများကြံ့ခိုင်မှုရှိအောင် ဆောင်ရွက်ရေးအတွက် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်းအဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးဇော်မင်းသိန်း၊ လေးမျက်နှာမဲဆန္ဒနယ်က ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ပဥ္စမနေ့ (၁-၈-၂၀၁၆

**မူကြမ်း**

ရက်နေ့)တွင် တင်သွင်းသွားတဲ့ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ဧရာဝတီမြစ်နှင့် ငဝန်မြစ်အား ကာရံထားသော ရေကာတာများအား ယခုရောက်ရှိမည့် မိုးရာသီတွင် ပြည်သူများစိုးရိမ်ပူပန်မှုမရှိအောင် ကြိုတင်အစီအမံများ ချမှတ်ဆောင်ရွက်ထားရှိရေးနှင့် လာမည့်ပွင့်လင်းရာသီတွင် တာတမံများ ကြံ့ခိုင်မှုရှိရန် ဆောင်ရွက်ရေးအတွက် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်းအဆိုကို ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၇၀ အရ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ယင်းအဆိုနှင့် စပ်လျဉ်းပြီး ဆွေးနွေးမယ့်ကိုယ်စားလှယ် ၁၃ ဦးရှိပါတယ်။ ပထမဦးစွာ ရေကြည် မဲဆန္ဒနယ်မှ ဒေါက်တာစံရွှေဝင်း ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒေါက်တာစံရွှေဝင်း(ရေကြည်မဲဆန္ဒနယ်)**။ ။ လေးစားအပ်သော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီး၊ အားလုံးကို မင်္ဂလာပါလို့ ကျွန်တော် နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော့်အနေနဲ့ လေးမျက်နှာမဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးဇော်မင်းသိန်း တင်ပြထားတဲ့အဆိုကို ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။ ဧရာဝတီတိုင်းဒေသကြီးအတွင်း ငဝန်ရေကာတာကို ၁၈၇၁ ခုနှစ်က ဟင်္သာတမြို့အထက် ညောင်ကျိုးရွာကနေ လေးမျက်နှာမြို့နယ်၊ ရေကြည်မြို့နယ်များကို ဖြတ်ပြီးတော့ သာပေါင်းမြို့နယ် ရေလဲကြီးရွာအထိ မိုင် ၇၀ ကျော် တည်ဆောက်ခဲ့တာဖြစ်ပါတယ်။ တည်ဆောက်ပြီးတဲ့နောက် ၄၅ နှစ်ခန့်ကြာတဲ့ ၁၉၂၃ ခုနှစ်မှာ ငသိုင်းချောင်းမြို့အထက် သုံးမိုင်လောက်ကွာတဲ့ ဗောဓိကုန်းကျေးရွာမှာ တာကျိုးပေါက်မှုဖြစ်ခဲ့ပါတယ်။ တာကျိုးပေါက်တဲ့နေရာမှာ အရှည် ပေ ၅၀၀၊ အနက် ၁၅ ပေလောက်ရှိတဲ့ မြစ်ကျိုးအင်းကြီးတစ်ခုဖြစ်ပေါ်ခဲ့ပြီး အဲဒီအချိန်က လူ၊ ကျွဲ၊ နွားတိရစ္ဆာန်၊ လယ်ကေပေါင်းများစွာ ပျက်စီးခဲ့ပြီးတော့ မြန်မာနိုင်ငံရဲ့ ဂျီဒီဘီအေအသင်းကြီးကနေပြီးတော့ တစ်နိုင်ငံလုံးမှာ ကယ်ဆယ်ရေးလုပ်ငန်းများရရှိအောင် ကူညီဆောင်ရွက်ပေးခဲ့တဲ့အကြောင်း မှတ်တမ်းများအရ သိရှိရပါတယ်။ တစ်ခါ ၁၉၉၁ ခုနှစ်တုန်းကလည်းပဲ ထိမ်ငူတာကျိုးပေါက်ချိန်ကလည်းပဲ ဒီအတိုင်းပဲ ဧရာဝတီတိုင်းဒေသကြီးမှာရှိတဲ့ မြို့နယ်ပေါင်းကိုးမြို့နယ်မှာရှိတဲ့ လယ်ယာ၊ ကျွဲ၊ နွားတိရစ္ဆာန်၊ လူထုများ ဒုက္ခအကြီးအကျယ်ရောက်ခဲ့ပြီး နှစ်လတာကြာမျှရေကြီးခဲ့တဲ့ အစဉ်အလာလည်းရှိပါတယ်။ ဒီတာအနေနဲ့ ၁၉၇၄ ခုနှစ်ကတစ်ကြိမ်၊ ၁၉၈၄ ခုနှစ်ကတစ်ကြိမ်၊ ၂၀၀၄ ခုနှစ်ကတစ်ကြိမ် ၁၀ ပေ၊ ၁၅ ပေခန့် တာများ ရုတ်တရက်နိမ့်ကျခဲ့တဲ့အစဉ်အလာများရှိခဲ့ပြီး ပြည်သူလူထုများရဲ့ ဝိုင်းဝန်းကြိုးပမ်းမှုကြောင့် တာကျိုးတဲ့အဆင့်ကို မရောက်ခဲ့ပါဘူး။ ဒါပေမဲ့ ၂၀၁၅ ခုနှစ်မှာတော့ တစ်လခွဲခန့် စိုးရိမ်ရေမှတ်အထက်

လေးပေကျော်တက်ပြီးတော့ ဒီဒေသမှာရှိတဲ့ပုဂ္ဂိုလ်များ၊ လူထုများအားလုံးအနေနဲ့ စိုးရိမ်နေပြီး ထိတ်တလန့်လန့်နဲ့ နေခဲ့ကြရတာဖြစ်ပါတယ်။

ဒါနဲ့ပတ်သက်ပြီး Power Point ဖြင့် တင်ပြခွင့်ပြုဖို့ မေတ္တာရပ်ခံပါတယ်။ ဒါကတော့ ၁၉၂၃ ခုနှစ်က ငသိုင်းချောင်းမြို့အထက် ဗောဓိကုန်းကျေးရွာမှာ တာကျိုးသွားပြီးတော့ မြစ်ကျိုးအင်းကြီး အဖြစ် ကျန်ခဲ့တဲ့နေရာဖြစ်ပြီး အောက်ဖက်ကတော့ ကျွန်တော်တို့ ငသိုင်းချောင်းမြို့ဖြစ်ပါတယ်။ အပေါ်ဘက်ကတော့ ငဝန်မြစ်လမ်းကြောင်းကြီးဖြစ်ပါတယ်။ ဒါဟာဆိုလို့ရှိရင်လည်း အဲဒီအချိန် ကတည်းက တော်တော့်ကို ဆိုးဆိုးရွားရွားဖြစ်ခဲ့တယ်ဆိုတဲ့အထောက်အထားကို တွေ့ရမှာဖြစ်ပါတယ်။ ဒါကတော့ မနှစ်တုန်းက ဩဂုတ်လ ၅ ရက်နေ့မှာ ရေကာတာပေါ်မှာ ရေကျော်လုကျော်မယ့် အခြေအနေမှာ ကာကွယ်မှုတွေ ဆောင်ရွက်ထားတဲ့ပုံကို ပြသခြင်းဖြစ်ပါတယ်။ ဒါကလည်းပဲ တာကိုရေကျော်ခါနီးဖြစ်နေတဲ့အခြေအနေကို ပြသခြင်းပဲဖြစ်ပါတယ်။ ဒါကတော့ တာမှာ ရေပေါက် တွေတွေ့တဲ့အခါမှာ မနှစ်က ဆောင်ရွက်ထားမှုအခြေအနေကို တင်ပြခြင်းဖြစ်ပါတယ်။ ဒါကတော့ မနှစ်က ရေကြီးတဲ့အချိန်မှာ စလင်းကျောင်းလို့ခေါ်တဲ့ ဧရာဝတီတိုင်းဒေသကြီး၊ ငသိုင်းချောင်းမြို့ အနားမှာရှိတဲ့ နာမည်ကျော်ဘုန်းကြီးကျောင်းရဲ့ ရေလွှမ်းမိုးနေတဲ့အခြေအနေဖြစ်ပါတယ်။ ဒါကတော့ ရေကျပြီးတဲ့နောက်မှာ ၂၀၁၅ ခုနှစ် နိုဝင်ဘာလမှာ ရုတ်တရက်တာနိမ့်ဆင်းသွားတဲ့ပုံကို ပြခြင်း ဖြစ်ပါတယ်။ ဒါကလည်း အလားတူပါပဲ။ ရုတ်တရက်နိမ့်ဆင်းသွားတဲ့အခြေအနေများကို တင်ပြခြင်း ဖြစ်ပါတယ်။ ဒီလိုအခြေအနေများနှင့်ပတ်သက်ပြီးတော့ ဒေသခံပြည်သူများအနေနဲ့ ၂၀၁၁ ခုနှစ်က ဧရာဝတီတိုင်းဒေသကြီးလွှတ်တော်ကို တင်ပြခဲ့ဖူးပါတယ်။ လွှတ်တော်မှ မှတ်တမ်းတင်ကြောင်းသာ ဆောင်ရွက်ခဲ့ပြီးတော့ တစ်စုံတစ်ရာထဲထဲဝင်ဝင် ဆောင်ရွက်ခဲ့တာမရှိကြောင်း သိရှိရပါတယ်။ တစ်ခါ ၂၀၁၂ ခုနှစ်ကတစ်ကြိမ်၊ ပြီးခဲ့တဲ့ ၂၀၁၅ ခုနှစ်ကတစ်ကြိမ် မြို့လူထုအနေနဲ့ ဧရာဝတီတိုင်းဒေသ ကြီးအစိုးရအဖွဲ့ကိုလည်းပဲ ကျွန်တော်တို့ တင်ပြဆောင်ရွက်ခဲ့ဖူးပါတယ်။ မနှစ်က ရေကြီးစဉ် ဩဂုတ်လ ၁၇ ရက်နေ့မှာ နယ်သာလန်နိုင်ငံကနေပြီးတော့ Expert Team တစ်ခုလာပြီးတော့ လေ့လာပြီး၊ ဆွေးနွေးပြီး လုပ်ဆောင်ရမယ့်ကိစ္စရပ်များကိုလည်းပဲ အကြံပြုတင်ပြခဲ့တယ်လို့ သိရပါတယ်။ တစ်ခါ အောက်တိုဘာလ ၁ ရက်နေ့မှာလည်း နိုင်ငံတော်သမ္မတကြီးက ဒီဒေသကို လာရောက်ခဲ့ပြီးတော့ ဒီတာတွေဟာ ဒီအတိုင်းထားလို့မရဘူး။ ငါးပေမြှင့်ပြီးတော့ ကျန်တဲ့နေရာတွေမှာ အကုန်ပြင်ဆင်ရ မယ်။ ဘတ်ဂျက်တွေ ဘယ်လိုခွဲဝေမလဲဆိုတဲ့ကိစ္စတွေကိုလည်းပဲ သတင်းစာများ၊ ရေဒီယိုများ၊ ရုပ်မြင်သံကြားများမှာ အတိအလင်းဆောင်ရွက်ခဲ့တာရှိပါတယ်။ သို့သော်လည်းပဲ ယနေ့အထိ ထိထိ

ရောက်ရောက် ထဲထဲဝင်ဝင်ဆောင်ရွက်တာမရှိတဲ့အတွက်ကြောင့်မို့လို့ ထိထိရောက်ရောက် ထဲထဲဝင်ဝင်ဆောင်ရွက်နိုင်ရေးအတွက် ဧရာဝတီတိုင်းဒေသကြီးအတွင်းမှာရှိတဲ့ ဧရာဝတီမြစ်နှင့် ငဝန်မြစ်အား ကာရံထားသော ရေကာတာများအား ယခုရောက်ရှိမည့် မိုးရာသီတွင် ပြည်သူများ စိုးရိမ်ပူပန်မှုမရှိအောင် ကြိုတင်အစီအမံများ ချမှတ်ဆောင်ရွက်ထားရှိရေးနှင့် လာမည့်ပွင့်လင်းရာသီတွင် တာတမံများကြံ့ခိုင်မှုရှိရန် ဆောင်ရွက်ရေးအတွက် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်း လေးမျက်နှာမဲဆန္ဒနယ်မှ ဦးဇော်မင်းသိန်းရဲ့အဆိုကို လေးလေးနက်နက်ထောက်ခံတင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ဒလမဲဆန္ဒနယ်မှ ဒေါက်တာစိန်မြအေး ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒေါက်တာစိန်မြအေး(ဒလမဲဆန္ဒနယ်)**။ ။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ရောင်းရင်း ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စု အစိုးရအဖွဲ့ဝင်ဝန်ကြီးများခင်ဗျား။ ကျွန်တော်ကတော့ ဒလမဲဆန္ဒနယ်ရဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါက်တာစိန်မြအေး ဖြစ်ပါတယ်။ လေးမျက်နှာမဲဆန္ဒနယ်က ဦးဇော်မင်းသိန်းရဲ့အဆိုကို ကျွန်တော့်အနေနဲ့ ထောက်ခံဆွေးနွေး တင်ပြသွားမှာဖြစ်ပါတယ်။ Power Point အသုံးပြုခွင့်ပေးပါခင်ဗျ။ ဒါကတော့ ကုလသမဂ္ဂ OCHA ဆိုတဲ့အဖွဲ့အစည်းကြီးက မြန်မာနိုင်ငံ ရေဘေးနှင့်ပတ်သက်လို့ ၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၁၃ ရက်နေ့က ထုတ်ပြန်ထားတဲ့ပုံဖြစ်ပါတယ်။ ဒီပုံရဲ့ထူးခြားချက်ကတော့ အဲဒီအချိန်တုန်းက ထိခိုက်တဲ့လူဦးရေဟာ ၁.၁ သန်း၊ သေတဲ့လူဦးရေက ၁၀၃ ဦး၊ ထိခိုက်တဲ့အိမ်ပေါင်းဟာ ၁၅၂၃၉ အိမ် မြန်မာနိုင်ငံရဲ့လူဦးရေ လေးပုံတစ်ပုံကျော်ဟာ ထိခိုက်ပြီးတော့ လယ်မြေဧက ၁.၁ သန်းပျက်စီးသွားပြီးတော့ အနီရင့်ရောင် ဖြစ်တဲ့ဧရိယာတွေဟာ မြို့နယ်တစ်မြို့နယ်မှာ ၂၅၀၀၀ အထက် ထိခိုက်တဲ့နေရာတွေဖြစ်ပါတယ်။ အဲဒီ နေရာတွေကိုကြည့်ရင် ဧရာဝတီတိုင်းဒေသကြီးဟာ အများဆုံးဖြစ်နေတာကို တွေ့ရပါတယ်။ ယနေ့ရောက်ရှိလာတဲ့သတင်းအရ DBV News တွေအရဆိုရင် စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်မှ လူပေါင်း ၁၃၀၀၀၀ ခန့်ဟာ ရေဘေးဒဏ်ခံနေရပြီဆိုပြီးတော့ ၂၀၁၆ ခုနှစ်မှာလည်း လောလောဆယ်ဖြစ်နေတယ်။ ဒါကြောင့်မို့လို့ ဒီအဆိုဟာဖြင့် အင်မတန်အရေးကြီးပြီးတော့ အင်မတန် ထောက်ခံသင့်၊ ထောက်ခံထိုက်တဲ့အဆိုဖြစ်ပါတယ်။

ဒါကတော့ ဒီအဆိုတွေကို တင်သွင်းရင်းနဲ့ ဒီအဆိုကိုထောက်ခံတဲ့နေရာမှာ ပိုမိုလေးနက်မှုရှိအောင် ကျွန်တော့်မြို့နယ်က အခြေအနေလေးကို တင်ပြရခြင်းဖြစ်ပါတယ်။ ဆာပါချောင်ကျောင်းစု ရပ်ကွက်ဆိုတာဟာ ရေထိန်းတမံနှင့် အင်မတန် ပေ ၁၀၀ ပဲနီးတဲ့ ရပ်ကွက်တစ်ခုဖြစ်ပါတယ်။ ဒီရပ်ကွက်မှာ ၁၉၇၃ ခုနှစ်က ဆောက်လိုက်တဲ့တမံဟာ။

**ဥက္ကဋ္ဌ**။ ။ အဆိုနဲ့ပတ်သက်တာပဲ ဆွေးနွေးပါ။

**ဒေါက်တာစိန်မြအေး(ဒလမဲဆန္ဒနယ်)**။ ။ ဆွေးနွေးပါ့မယ်ခင်ဗျား။ ကမ်းပါးရေတိုက်စားသွားတဲ့ပုံပါ။ ကျွန်တော်တို့အဖွဲ့ သွားရောက်ကြည့်ရှုတဲ့ပုံပါ။ သဲဂူလိုဏ်ဖြစ်သွားတဲ့ပုံပါ။ ရေထိန်းနံရံပြိုပြီးတော့ တိုက်စားသွားတုန်းက ရင်တထိတ်ထိတ်နဲ့လူတွေပါ။ ပြုပြင်နေခြင်းကို သွားရောက်ကြည့်ရှုတဲ့ပုံပါ။ ဒီမှာ ကျွန်တော် သင်ခန်းစာယူစရာရှိလို့ ဒါလေးကို အကျဉ်းချုပ်တော့ တင်ပြပါရစေ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဘာကြောင့်လဲဆိုတော့ ကျွန်တော်တို့လုပ်တဲ့အခါမှာ အခုနက တင်ပြသွားသလိုပဲ နိုင်ငံတော်အစိုးရကို အချိန်မီတင်ပြပေမယ့် ပြည်သူလူထုက ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်ကို တင်ပြတဲ့အခါမှာ လာရောက်ပြင်ဆင်တဲ့အခါမှာလည်းပဲ အခုနတုန်းက သဲဂူလိုဏ်အစားသဲအိတ်သာ ဖြည့်သွားတဲ့အနေအထားဟာ ကျွန်တော်တို့ ဖြစ်နေကျအခြေအနေဆိုတာ တင်ပြချင်ပါတယ်။ ဒါကတော့ ဧရာဝတီမြစ်ကြီးရဲ့ ၂၀၁၃ ခုနှစ်အခြေအနေနဲ့ ၂၀၁၅ ခုနှစ်အခြေအနေကို နှိုင်းယှဉ်တဲ့ပုံပါပဲ။ အဲဒါကလည်း ဧရာဝတီတိုင်းဒေသကြီးမှာ ဒီနေရာမှာပဲ ကျွန်တော်တို့ နှိုင်းယှဉ်ထားတဲ့ပုံဖြစ်ပါတယ်။ ကျွန်တော်ဆိုလိုချင်တဲ့သဘောက ရေဘေးအန္တရာယ်ဟာ အခုအချိန်ဆိုလို့ရှိရင်၊ ၂၀၁၆ ခုနှစ်ဆိုလို့ရှိရင် ဒီထက်တောင် ကျယ်ပြန့်လာနိုင်တဲ့အနေအထားရှိတယ်ဆိုတဲ့သဘောကို တင်ပြခြင်းဖြစ်ပါတယ်။

သဘာဝဘေးအန္တရာယ်ဆိုတာဟာ အချိန်မရွေးလာနိုင်ပါတယ်။ ချိန်းဆိုထားတာမဟုတ်ပါဘူး။ ထိန်းချုပ်၍မရပါဘူး။ သဘာဝဘေးအန္တရာယ်ကို လူသားတွေက ကြိုသိနေလို့ရှိရင်တော့ ကြိုတင်စီမံပြီးတော့ မပေါ့လျော့ဖို့ဖြစ်ပါတယ်။ တစ်နည်းအားဖြင့်ဆိုလည်း နိုင်ငံတော်အစိုးရများဟာ တိုင်းပြည်အပေါ်မှာ ကတိတည်ပြီးတော့ စေတနာထားဖို့လိုအပ်ပါတယ်။ ဒါကတော့ စေတနာမထားခဲ့၊ ပေါ့လျော့ခဲ့တဲ့အတွက်၊ ကတိပျက်ခဲ့တဲ့အတွက် မနှစ် ၂၀၁၅ ခုနှစ်က မြန်မာ့ရေဘေးအခြေအနေပြထားတဲ့ပုံတွေဖြစ်ပါတယ်။ ဒီပေါ့လျော့မှုတွေကြောင့် ကမ္ဘာ့မီဒီယာတွေမှာ ကျယ်ပြန့်စွာသတင်းရေးသားခြင်းခံခဲ့ရတဲ့ပုံဖြစ်ပါတယ်။ ဒါကတော့ နိုင်ငံတကာမှ အကူအညီပေးရန် ဆွေးနွေးနေတဲ့ပုံဖြစ်ပါတယ်။ ဒီပုံမှာ

ထူးခြားချက်ရှိပါတယ်။ ကျွန်တော်တို့ ဒီလိုပေါ့လျော့ခဲ့တဲ့အတွက် **Myanmar admit respond to the floating disaster work weak a field for International Assistant** ဆိုပြီးတော့ အပြည်ပြည်ဆိုင်ရာမှာ ဝန်ခံပြီးတော့ ကူညီတောင်းခံနေရတဲ့အခြေအနေဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ အဆုံးသတ်ပြောရမယ်ဆိုလို့ရှိရင်၊ ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်သူရွေးချယ်ထားတဲ့၊ ပြည်သူကို အလုပ်အကျွေးပြုမယ့်တာဝန်ခံထားတဲ့အစိုးရပေါ်ပေါက်လာပြီး ရေဘေးအန္တရာယ်ဆိုတာ မြန်မာ့ကင်ဆာဖြစ်နေတဲ့အခြေအနေမျိုးမှာ ဒီအဆိုတင်တာနောက်ကျသလိုဖြစ်လို့ ဒီနှစ်မမီရင်တောင်မှ ၂၀၁၅ ခုနှစ်ကလို ဆိုးကျိုးတွေ လာမယ့်လာမယ့်နှစ်တွေမှာမကြုံရအောင် ကတိတွေပေးထားရင်လည်း တည်တယ်ဆိုတဲ့ ဂုဏ်သိက္ခာကိုရအောင် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ရေကာတာများသာမက တစ်ပြည်လုံးမှာရှိတဲ့ ရေဘေးကြုံနိုင်တဲ့နေရာဒေသတွေကို ဘေးဆိုးတွေမကြုံရလေအောင် သက်ဆိုင်ရာဝန်ကြီးဌာနမှ အသေးစိတ်အစီအမံများ ချမှတ်ဆောင်ရွက်ရန် တိုက်တွန်းတဲ့အဆိုကို ထောက်ခံကြောင်း တင်ပြရင်းနဲ့ နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ တောင်သာမဲဆန္ဒနယ်မှ ဦးစစ်အေး ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးစစ်အေး(တောင်သာမဲဆန္ဒနယ်)**။ ။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အပေါင်းနှင့်၊ ဧည့်သည်တော် အပေါင်း မင်္ဂလာပါလို့ ကျွန်တော် နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ ဦးဇော်မင်းသိန်း၊ လေးမျက်နှာမဲဆန္ဒနယ်ရဲ့အဆိုကို ထောက်ခံသွားရင်းနဲ့ ကျွန်တော်ဟာ တစ်ချိန်တုန်းက လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီး ဌာနမှာ ဒုတိယညွှန်ကြားရေးမှူး(စက်မှု)နှင့် အငြိမ်းစားဝန်ထမ်းဖြစ်တဲ့အတွက် အခုလက်ရှိ လေးလ သားအရွယ်သာရှိသေးတဲ့ ကျွန်တော်တို့အစိုးရရဲ့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီး ဌာနကိုလည်း ကျွန်တော် အကြံပြုဆွေးနွေးသွားမှာဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့ ဒီကနေ့ မိုးရာသီရောက်တိုင်း ပြည်သူလူထုတွေ၊ ဆည်မြောင်းတာတမံတွေနဲ့ပတ်သက်ပြီးတော့ စိုးရိမ်ပူပန်ရတဲ့ အချက်က အဓိကအချက်ကြီးနှစ်ချက်လည်း ရှိပါတယ်။ ပထမအချက်ကတော့ ဒီကနေ့အားလုံးသိတဲ့ ကမ္ဘာ့ရာသီဥတုဖောက်ပြန်မှုကြောင့် ထူးခြားတဲ့ မိုးရေချိန်တွေ၊ ထူးခြားတဲ့အပူချိန်တွေ ဖြစ်ပေါ်တဲ့ အတွက် ဆည်မြောင်းတာတမံတွေ အတွက် စိုးရိမ်ပူပန်ရသလို ပြီးခဲ့တဲ့အစိုးရအဆက်ဆက်ရဲ့ မှားယွင်း ခဲ့တဲ့မူဝါဒတွေ၊ စီမံခန့်ခွဲမှုတွေ အဲဒီလိုအကြောင်းတွေကြောင့် ဒီကနေ့ ပြည်သူလူထုတွေဆည်မြောင်း နဲ့ပတ်သက်ပြီး စိုးရိမ်နေရတာဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ၁၉၉၅ ခုနှစ်နောက်ပိုင်းမှာ အဲဒီအချိန်တုန်းက

အုပ်ချုပ်ခဲ့တဲ့ အစိုးရတွေရဲ့မူဝါဒတွေက ဆည်တစ်ဆည်ပြီးတစ်ဆည် ဖွင့်ရမယ် ဆိုတဲ့မူဝါဒဖြင့် တည်ဆောက်ရေးလုပ်ငန်းတွေကိုပဲ ဦးစားပေးပြီးခိုင်းခဲ့တယ်။ ကျွန်တော်တို့ ဆောက်ပြီး သားဆည်တမံတွေကို ထိန်းသိမ်းဖို့ ထိန်းသိမ်းရေးလုပ်ငန်းတွေ အားပေးမှုလျော့နည်းခဲ့တဲ့အတွက် ဒီကနေ့ ဆောက်ပြီးသားတာတမံတွေ၊ ဒီကနေ့ ရေကာတာတွေဟာ နှစ်စဉ် နှစ်စဉ် ကျွန်တော်တို့ ထိန်းသိမ်းပြုပြင်သွားရမယ့်အစား တည်ဆောက်ရေးတွေပဲ လုပ်ပြီးတော့ ဒီထိန်းသိမ်းရေးလုပ်ငန်းတွေ လျစ်လျူရှုခဲ့လို့ ဆည်မြောင်းတာတမံ အားလျော့လာတာကို တွေ့ရပါတယ်။ အဲဒါကြောင့် ဒီကနေ့ အစိုးရလက်ထက်မှာ မှန်ကန်တဲ့မူဝါဒတွေနဲ့ တည်ဆောက်ရေးကြီးပဲ ဦးစားမပေးဘဲနဲ့ ဆောက်ပြီးသား Structure တွေ၊ တာတမံတွေခိုင်ခန့်အောင်၊ သက်တမ်းရှည်တည်မြဲအောင် ထိန်းသိမ်းရေးလုပ်ငန်း တွေကို ဦးစားပေးဆောင်ရွက်သင့်ပြီလို့ ကျွန်တော် အကြံပြုပါရစေ။ ဘာကြောင့်လဲဆိုတော့ ဒီနေ့ ကျွန်တော်တို့လူသားတွေတောင်မှ သက်ရှည်ကျန်းမာအောင်၊ သက်တမ်းစေ့နေနိုင်အောင် နေ့စဉ် အာဟာရဓာတ်မှီဝဲပြီး၊ ကျန်းမာရေးဂရုစိုက်ပြီး အသက်ရှည်ရာရှည်ကြောင်းကို လုပ်နေရသလိုပဲ ရုပ်ဝတ္ထုတွေ၊ တာတမံတွေကလည်း ရေရှည်သက်တမ်းရှည်သုံးနိုင်အောင် သူ့ကိုနေ့စဉ်ထိန်းသိမ်း၊ နှစ်စဉ်ထိန်းသိမ်းသွားမှ ဒါတွေဟာ သက်တမ်းစေ့အကျိုးပြုနိုင်မှာ ဖြစ်ပါတယ်။ ဥပမာ- ဆည်တစ်ဆည်ရဲ့ သက်တမ်းကို ကမ္ဘာကသတ်မှတ်ထားတာ ယေဘုယျအားဖြင့် နှစ် ၅၀ ပါ။ အဲဒီနှစ် ၅၀ မှာ ဒီဆည်ကြီး၊ ဒီတမံကြီးတည်တံ့ခိုင်မြဲမှုအတွက် ထိန်းသိမ်းရေးလုပ်ငန်းဟာ နေ့စဉ်၊ လစဉ်၊ အပတ်စဉ်၊ နှစ်စဉ်တွေလုပ်သွားမှသာ ဒီဆည်ဟာ တည်တံ့ခိုင်မြဲမှာဖြစ်ပါတယ်။ ဒါကြောင့် တကယ် တမ်းကျတော့ ဆောက်ခဲ့တဲ့ဆည်တွေကလည်း အရမ်းကာရော ဒုတိယဝန်ကြီးပြောသလို ဟင်းရွက် ကန်စွန်းလိုသဘောထားပြီး ကျွန်တော်တို့ ဆောက်ခဲ့တာတော့မဟုတ်ဘူး။ ဘာကြောင့်လဲဆိုတော့ ကျွန်တော်တို့ ဆည်တစ်ဆည်ဆောက်မယ်၊ တာတမံတစ်ခုဆောက်မယ်ဆိုရင် အဲဒီဒေသရဲ့ အချက် အလက်တွေ Investigation လုပ်ပြီးတော့မှ အထူးသဖြင့် မိုးရေချိန် နှစ် ၂၀၀ မိုးရေချိန်၊ နှစ် ၁၀၀၀ မိုးရေချိန်ဆိုတာတွေကို Refer လုပ်ပြီးမှ ကျွန်တော်တို့ ဒီဆည်တမံတွေကို ဆောက်ခဲ့ခြင်းဖြစ်ပါတယ်။ သို့သော်လည်း ဒီကနေ့ကြုံတွေ့နေရတဲ့ ရာသီဥတုဖောက်ပြန်မှုတွေဟာ ကျွန်တော်တို့တွက်ထားတဲ့ မိုးရေချိန်တွေထက်ပိုလာတာ။ ပြီးခဲ့တဲ့နှစ်က ဇူလိုင်လမှာဖြစ်တဲ့ မုန်းတမံကြီးအုံကြီးဝမှာ ရေကျော် သွားတဲ့ ၃၇.၂၅ ပေ။ ကျွန်တော်တို့ ရေပိုလွှဲအထက်မှာ ပေ ၄၀ ပဲထားခဲ့တာ ၃၇ ပေကျော်အထိ တက်လာတယ်။ ဒါထူးခြားတဲ့မိုးရေချိန်တွေ ဖြစ်လာတာပါ။ ဒါပေမဲ့ ကျွန်တော်တို့ တမံတွေဟာ တည်တံ့ခိုင်မြဲအောင် Safety factors တွေနဲ့ ဆောက်ထားလို့သာ ဒီထူးခြားတဲ့မိုးရေချိန်တွေကို

ခံနိုင်ခြင်းဖြစ်ပါတယ်။ ဒါကြောင့် ဒီကနေ့ ကျွန်တော် တင်ပြချင်တာက တည်ဆောက်ရေးတွေကို ဦးစားပေးမယ့်အစား လက်ရှိဆည်တွေ၊ တမံတွေ၊ ရေကာတာတွေ မိုးရာသီရောက်တိုင်း ပြည်သူလူထု စိုးရိမ်ပူပန်မှုမရှိအောင် ဆောက်ပြီးသားဆည်တွေကို ထိန်းသိမ်းသွားဖို့ ဝန်ကြီးဌာနကို ကျွန်တော် တိုက်တွန်းပါတယ်။ အဲဒီလိုထိန်းသိမ်းနိုင်အောင်လည်း လိုအပ်တဲ့ရန်ပုံငွေ၊ ထိန်းသိမ်းရေးရန်ပုံငွေကို ပိုပြီးတော့ ဦးစားပေးချပေးဖို့ ကျွန်တော် အဆိုပြုပါတယ်။ ဒါကြောင့် ကျွန်တော် အခုပြောသလိုပဲ ကျွန်တော်တို့ ဆည်/မြောင်းဌာနဟာ နည်းပညာ၊ အတတ်ပညာ၊ ကျွမ်းကျင်မှုတွေနဲ့ ပြီးပြည့်စုံတဲ့ ဌာနကြီးဖြစ်တယ်။ ကျွန်တော်တို့ရဲ့လမ်းညွှန်မှုဆိုတာလိုပါတယ်။ လုပ်နိုင်စွမ်းရှိတဲ့ဌာနကြီးဖြစ်တဲ့ အတွက် ဝန်ကြီးဌာနအနေနဲ့ ဒီထိန်းသိမ်းရေးလုပ်ငန်းတွေကို ဦးစားပေးပြီးတော့ Drive လုပ်ပြီးခိုင်းဖို့ ကျွန်တော် ဒီနေရာကနေ တောင်းဆိုပါတယ်။ အဲဒီလိုပဲ လိုအပ်တဲ့ ထိန်းသိမ်းရေးရန်ပုံငွေတွေကိုလည်း ချပေးပါဆိုတာလည်း ကျွန်တော် တိုက်တွန်းပါရစေ။ အဲဒီလိုပဲ ဆည်/မြောင်းဦးစီးဌာနမှာရှိတဲ့ ဝန်ထမ်း တွေကိုလည်း ကျွန်တော်တို့ ဆည်တွေဆောက်ခဲ့တာ အကျိုးမရှိဘူးလို့ အပြောမခံရအောင် ဒီနေ့ ပြည်သူလူထု ယုံကြည်မှုလျော့နည်းလာတာတွေကို ပြန်ပြီးဂုဏ်သိက္ခာဆယ်နိုင်အောင် ဆည်/မြောင်း ဝန်ထမ်းများကြိုးစားပါလို့ တိုက်တွန်းရင်း ကျွန်တော် ဦးဇော်မင်းသိန်းရဲ့ အဆိုကို လေးလေးနက်နက် ထောက်ခံအကြံပြုဆွေးနွေးအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ကျုံပျော်မဲဆန္ဒနယ်မှ ဦးစိုးအောင်နိုင် ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးစိုးအောင်နိုင်(ကျုံပျော်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီး နှင့်အားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ ဧရာဝတီတိုင်း ဒေသကြီး၊ ကျုံပျော်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးအောင်နိုင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ လေးမျက်နှာမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဇော်မင်းသိန်းရဲ့ အဆိုကို ထောက်ခံ ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ဧရာဝတီမြစ်နှင့် ငဝန်မြစ်ကမ်းဘေးမှာရှိကြတဲ့မြို့နယ်တွေဟာ ရေကြီးရေလျှံရေလွှမ်းမိုးမှုဒဏ်တွေကို နှစ်စဉ် ခံစားနေ ကြရပါတယ်။ ဧရာဝတီတိုင်းဒေသကြီးအတွင်းမှ ပြည်သူလူထုအများစုဟာ စိုက်ပျိုးရေးကိုအခြေခံပြီး အဓိကအသက်မွေးဝမ်းကျောင်းပြုသူများ ဖြစ်ကြပါတယ်။ ယခုအခါမှာတော့ ဧရာဝတီမြစ်နှင့် ငဝန် မြစ်တို့ဟာ မြစ်ကြမ်းပြင်မြင့်တက်မှုနှင့် ရေစီးကြောင်းပြောင်းလဲမှုတို့ကြောင့် ကမ်းပြိုတိုက်စားမှုများ

ဖြစ်ပေါ်လာပြီး မြစ်ကမ်းဘေးမှာရှိတဲ့ ပြည်သူလူထုဟာ စိုက်ခင်းများနှင့် အိုးအိမ်များကို စွန့်ခွာပြီး ဘေးလွတ်ရာကို ပြောင်းရွှေ့နေထိုင်ကြရတာတွေလည်း ရှိနေပါပြီ။ မြန်အောင်မြို့နယ်အတွင်းမှာရှိတဲ့ ကန်စွန်းခုံရေကာတာကလည်း မြစ်ရေတိုက်စားမှုကြောင့် ပြိုကျပျက်စီးပြီး မူလရေကာတာမရှိတော့ဘဲ ပန်းတာအသစ်ကိုပဲ အားကိုးနေရတဲ့အခြေအနေဖြစ်ပါတယ်။ ရေကြည်မြို့နယ်အတွင်းမှာရှိတဲ့ ငသိုင်းချောင်းရေကာတာမှာလည်း နှစ်စဉ်မိုးတွင်းကာလ ရေများတက်လာပါက ရေကာတာကျိုးပေါက်ပြီး ရေကြီးမှုမဖြစ်ရအောင် မြို့နေပြည်သူလူထုများ၊ ဌာနဆိုင်ရာများနှင့် လူမှုရေးအဖွဲ့များစုပေါင်းပြီးတော့ အမြဲကြပ်မတ်ပြီးတော့ ရေကြိုတင်ကာကွယ်ရေးလုပ်ငန်းများကိုလည်း ဆောင်ရွက်ကြရပါတယ်။ အခုကျွန်တော် တင်ပြနေတဲ့အချိန်မှာပဲ ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသများ၊ မြို့များဟာ စိုးရိမ်ရေအမှတ်ထက်ကို ကျော်လွန်နေတဲ့ အနေအထားကို ရောက်ရှိနေပါပြီ။ ထိုသို့ ရေတက်ကာလများဆိုလျှင် မြစ်ချောင်းများအတွင်းမှာရှိတဲ့ ရေမျက်နှာပြင်များဟာ တာအတွင်းမှာရှိတဲ့ စိုက်ခင်းများ၊ လူနေရပ်ကွက်များရဲ့အထက်မှာကျော်လွန်ပြီးတော့ မြင့်တက်နေတာကိုလည်း စိုးရိမ်ဖွယ်တွေ့မြင်နေရပါတယ်။ ထို့အပြင် မြစ်ညှာအထက်ပိုင်းဒေသများမှ ရေများပြန်လည်ကျဆင်းလာပါက မြစ်ဝကျွန်းပေါ်ဒေသများမှာ ရေတက်နှုန်းက သိသိသာသာပိုတိုးလာတာကိုလည်း တွေ့ရပါတယ်။ ထိုသို့ဖြစ်ရခြင်းရဲ့ အဓိကအကြောင်းအရင်းကတော့ မြစ်ကြမ်းပြင်မြင့်တက်လာမှုကြောင့် ဖြစ်ပါတယ်။ ထိုသို့မြစ်ကြမ်းပြင်များ မြင့်တက်လာတဲ့အခါမှာ ရေစီးကြောင်းပြောင်းလဲမှုနှင့် ကမ်းပြိုတိုက်စားမှုများမှာ ထပ်မံပြီးတော့ ပေါ်ပေါက်လာပါတယ်။ ထို့ကြောင့် ရေကြီးမှုဖြစ်စဉ်ကို လျှော့ချနိုင်ရန်နှင့် မြစ်ချောင်းများအတွင်း သွားလာလျက်ရှိသော လှေ၊ သင်္ဘောများ အန္တရာယ်ကင်းစွာသွားလာနိုင်ရန်အတွက် မြစ်ချောင်းများကို စနစ်တကျ ပြန်လည်တူးဖော်ပြင်ဆင်ခြင်းလုပ်ငန်းများကိုလည်း အဓိကဆောင်ရွက်သင့်ပါကြောင်း အကြံပြုဆွေးနွေးလိုပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဧရာဝတီမြစ်နှင့် ငဝန်မြစ်ကမ်းမှာရှိတဲ့ ရေကာတာများဟာ နှစ်ပေါင်း ၁၅၀ ကျော်က တည်ဆောက်ခဲ့တာဖြစ်တဲ့အတွက်၊ သက်တမ်းအားဖြင့် အလွန်ကြာမြင့်ပြီဖြစ်တဲ့အတွက် တာပေါင်များနိမ့်ကျခြင်း၊ ကြံ့ခိုင်မှုအားနည်းခြင်းများ ဖြစ်ပေါ်သလို ကြွက်၊ ခြနှင့် ပုရွက်စတဲ့ တွင်းအောင်းသတ္တဝါများရဲ့ ဖျက်ဆီးမှုဒဏ်ကြောင့် တွင်းများ၊ ချိုင့်များ၊ ဂူလိုဏ်များလည်း ဖြစ်ပေါ်နေကြပါတယ်။ ယခင်က မြစ်ရေကို ဟန့်တားထိန်းသိမ်းပေးမယ့် ကမ်းပတ်တာငယ်များ မြစ်အပြင်မှာရှိခဲ့ကြသော်လည်း ယခုအခါမှာ ကမ်းပြိုတိုက်စားမှုများကြောင့် ကမ်းပတ်တာငယ်များ လုံးဝမရှိတော့ပါဘူး။ ဒါကြောင့်မို့လို့ မိုးတွင်းကာလမှာဆိုရင်တော့ ကျွန်တော်တို့ ရေကာတာများဟာ မြစ်ရေတိုက်စား

မှုဒဏ်နှင့် လှိုင်းပုတ်ဒဏ်များကို တိုက်ရိုက်ခံစားနေကြရပါတယ်။ အကယ်၍ တစ်နေရာမှာသာ ကျိုးပေါက်ပြီး ရေကြီးမှုဖြစ်မယ်ဆိုရင်တော့ တာအတွင်းမှာရှိတဲ့ ဧကများစွာသောလယ်များနှင့် အခြား စိုက်ပျိုးသီးနှံများလည်း ဆုံးရှုံးကြရမှာဖြစ်သလို အဆောက်အဦပေါင်းများစွာနှင့် လူနေအိမ်များ၊ ကျွဲ၊ နွား၊ တိရစ္ဆာန်များလည်း ဒုက္ခရောက်ကြရမှာပါ။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ၁၉၇၄ ခုနှစ်မှ ၂၀၀၇ ခုနှစ်အတွင်းမှာ တာကျိုးပေါက်မှု လေးကြိမ်ဖြစ်ပေါ်ခဲ့ပါတယ်။ အဲဒီထဲကမှ ၁၉၉၁ ခုနှစ် ထိန်ငူတာကျိုးပေါက်မှုဟာ မြို့နယ် ၁၀ မြို့နယ် ကိုရေကြီးနစ်မြုပ်ခဲ့ရပြီး များစွာပျက်စီးဆုံးရှုံးခဲ့ရပါတယ်။ ဒါ့အပြင် ၂၀၀၇ ခုနှစ် စက်တင်ဘာလမှာ ဖြစ်ပေါ်ခဲ့တဲ့ ကြယ်တိုက်ကုန်းတာကျိုးပေါက်မှုနဲ့ ပြီးခဲ့တဲ့ ၂၁-၇-၂၀၁၆ ရက်နေ့က လေးမျက်နှာ မြို့နယ်အတွင်း သုံးဆယ်ကျေးရွာနှင့် ဝဲခေါင်ကျေးရွာကြားမှာရှိတဲ့ ထိမ်ငူတာဟာ ပေ ၃၀၀ ခန့် နိမ့်ကျသွားတဲ့ ဖြစ်စဉ်များကို ကြည့်မယ်ဆိုရင် လှိုင်းပုတ်ခြင်း၊ ရေတိုက်စားခြင်းတို့ကြောင့် မဟုတ်ဘဲနဲ့ တာအတွင်းမှာရှိတဲ့ ချိုင့်များအတွင်းသို့ ရေများစိမ့်ဝင်ပြီး တာမြေများရေနူးပြီး အလိုအလျောက်နိမ့်ကျ သွားခြင်းဖြစ်ပြီး တာတမံများဟာ ကြံ့ခိုင်မှုအလွန် နည်းပါးနေတာကိုလည်း တွေ့ရပါတယ်။ ယခုနှစ်ရဲ့ ရာသီဥတုအခြေအနေကို ကြည့်မယ်ဆိုရင်လည်း ဇူလိုင်၊ ဩဂုတ်နဲ့ စက်တင်ဘာလများကို အယ်လ်နီညိုပြီးစီးပြီး လာနီညာမဝင်ရောက်ခင် ကြားကာလအဖြစ် ပညာရှင်များက သတ်မှတ်ကြပါ တယ်။ စက်တင်ဘာလနောက်ဆုံးပတ်တွင် ကြားနေအခြေအနေတစ်ခုမှ လာနီညာရာသီဥတုပြောင်းလဲမှု ကို စတင်ကြုံတွေ့ရမယ်လို့ မိုးလေဝသပညာရှင် ဒေါက်တာထွန်းလွင်ကလည်း ခန့်မှန်းထားပါတယ်။ ကြာမြင့်ချိန်ကတော့ ကိုးလကနေ တစ်နှစ်အထိ ကြာမယ်လို့ခန့်မှန်းပါတယ်။ မြန်မာနိုင်ငံရဲ့ ရေကြီးကာလကိုလည်း ဇွန်လကို ပထမရေကြီးကာလ၊ ဇူလိုင်နှင့် ဩဂုတ်လကို ဒုတိယရေကြီး ကာလနှင့် စက်တင်ဘာနှင့် အောက်တိုဘာလတွေကိုတော့ တတိယရေကြီးကာလများအဖြစ် သတ်မှတ် ထားပါတယ်။ မြန်မာနိုင်ငံရဲ့ တတိယရေကြီးကာလနှင့် လာနီညာရာသီဥတုဖြစ်ပေါ်မယ့်အချိန်ဟာ တိုက်ဆိုင်နေတာကြောင့် မိုးပိုမိုများပြားခြင်းနှင့် ဘင်္ဂလားပင်လယ်အော်မှာရှိတဲ့မုန်တိုင်းများကို ပိုမို ရင်ဆိုင်ရနိုင်တယ်လို့ ခန့်မှန်းကြပါတယ်။ ထို့ကြောင့် ဧရာဝတီမြစ်နှင့် ငဝန်မြစ်ကမ်းမှာရှိတဲ့ ဒေသခံ ပြည်သူများဟာ ယခင်နှစ်ထက်ပိုမိုဆိုးရွားတဲ့ရေကြီးမှုကို ခံစားရမှာကို ထိတ်လန့်စိုးရိမ်နေကြပါတယ်။ ထို့ကြောင့် ယခုနှစ်မိုးရာသီအတွင်း ဧရာဝတီမြစ်နှင့် ငဝန်မြစ်ကမ်းတစ်လျှောက် ပြည်သူများ စိုးရိမ် ပူပန်မှုမဖြစ်အောင် ကြိုတင်စီမံထားရန်နှင့် လာမည့်ပွင့်လင်းရာသီတွင် တာတမံများ ကြံ့ခိုင်မှုရှိအောင် ဆောင်ရွက်ရေးအတွက် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်း လေးမျက်နှာမဲဆန္ဒနယ် ပြည်သူ့

**မူကြမ်း**

လွှတ်တော်ကိုယ်စားလှယ် ဦးဇော်မင်းသိန်းရဲ့အဆိုကို လေးလေးနက်နက်ထောက်ခံအပ်ပါတယ် ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ မြန်အောင်မဲဆန္ဒနယ်မှ ဦးခင်မောင်လတ် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးခင်မောင်လတ်(မြန်အောင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အားလုံး၊ လွှတ်တော်သို့ တက်ရောက်လေ့လာသူ အားလုံး နှလုံးစိတ်ဝမ်းအေးချမ်းကြပါစေလို့ ဆုတောင်း ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ဧရာဝတီတိုင်းဒေသကြီး၊ မြန်အောင် မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်လတ်ဖြစ်ပါတယ်။ လေးမျက်နှာမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဇော်မင်းသိန်းရဲ့ ပြည်သူ့လွှတ်တော်သို့တင်သွင်းထားတဲ့ ပြည်ထောင်စုအစိုးရကို တိုက်တွန်းကြောင်း အဆိုကို ထောက်ခံသဘောတူဆက်စပ်တင်ပြဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ဧရာဝတီမြစ်နဲ့ ငဝန်မြစ်ကို ကာရံထားတဲ့ ရေကာတာများဟာ ဧရာဝတီတိုင်းအတွင်းမှာ ဆိပ်သာ၊ ကြံခင်း၊ မြန်အောင်၊ အင်္ဂပူ ဟင်္သာတ၊ ဇလွန်၊ ဓနုဖြူ ညောင်တုန်း၊ ပန်းတနော်၊ ငဝန်ရေကာတာဟာ လေးမျက်နှာ၊ ငသိုင်းချောင်း၊ ကျောင်းကုန်း၊ ကျုံပျော်၊ ကန်ကြီးထောင့်၊ ပုသိမ်၊ သာပေါင်းမြို့နယ်များစွာကို ဖြတ်သန်းပြီး တစ်ဆက်တစ်စပ်တည်း တည်ရှိနေတာဖြစ်ပါတယ်။ ဧရာဝတီမြစ်ကြီးဟာ ဧရာဝတီတိုင်းဒေသကြီး အတွင်းမှာ ဆိပ်သာ၊ ကြံခင်းကိုဖြတ်ပြီး မြန်အောင်မြို့နယ်အတွင်းကို ၂၈ မိုင်ခန့် ထိစပ်စီးဆင်းပြီး ရေကာတာအရှည်အားဖြင့် ၃၈ မိုင်ခန့် ရှည်လျားစွာ ဆက်စပ်တည်ရှိနေတာဖြစ်ပါတယ်။ လွန်ခဲ့တဲ့ ၁၈၈၇ ခုနှစ် နှစ်ပေါင်း ၁၃ဝ ခန့်က တည်ဆောက်ထားတဲ့ ရေကာတာကြီးဟာ တာအရှည် ပေ ၁ဝဝ၊ အမြင့် ၁၃ ပေမှ ၁၄ ပေ၊ တာအပေါ်မျက်နှာပြင် ၁၂ ပေခန့်၊ ပင်လယ်ပြင်မျက်နှာပြင်အထက် မြန်အောင်မြို့တွင် ၆၇ ပေခန့် BM ရေချိန်အမှတ်ငုတ်များယူပြီး စနစ်တကျတည်ဆောက်ထားခဲ့တာ ဖြစ်ပါတယ်။ မြန်အောင်မြို့အတွက် စိုးရိမ်ရေအမှတ် ၆၇ ပေ၊ အန္တရာယ်ရေအမှတ် ၇၂ ပေ၊ ကြံခင်း ၇၂၊ ၇၅ ပေ၊ အင်္ဂပူမှာ ၄၅ ပေမှ ၄၈ ပေ၊ ဟင်္သာတမှာ ၄၂ ပေမှ ၄၅ ပေ ပုံစံဖြင့်တည်ဆောက်ထားပြီး ၁ဝ မိုင် မှာ ၃ မိုင်နှုန်းမြေပြင် နိမ့်ဆင်းမှုနှုန်းနဲ့ တွက်ချက်တည်ဆောက်ထားတယ်လို့ မှတ်သားထားရပါ တယ်။ မြန်အောင်မြို့နယ်အတွင်းမှာ ကျေးရွာအုပ်စု ၆၉ အုပ်စုရှိတဲ့အနက် ၁၁ အုပ်စုဟာ တောင်တန်း ဒေသဖြစ်ပြီး ရွာပေါင်း ၅၁၇ ရွာအနက် ၆ဝ ခန့်ဟာ တောင်ရိုးမြေမြင့်ဒေသဖြစ်ပါတယ်။ ကျန်တဲ့ ရွာပေါင်း ၄၅ဝ အနက် မြို့ပေါ်ရပ်ကွက်နေပြည်သူပေါင်း ၁၇ဝဝဝဝ ကျော်နဲ့ စိုက်ပျိုးမြေ ၁၅ဝဝဝဝ ကျော်ဟာ ဧရာဝတီမြစ်ရိုးတာကြီးက ကာကွယ်စောင့်ရှောက်ပေးထားတာဖြစ်ပါတယ်။ ဒီလို မြို့ပြနဲ့

ကျေးရွာ ပြည်သူများရဲ့ အသက်အိုးအိမ်များ၊ စိုက်ပျိုးမြေများ၊ စီးပွားကုန်ထုတ်လုပ်ငန်းများ၊ လူမှုဝန်းကျင်ဝန်ဆောင်မှုလုပ်ငန်းများကို ကာကွယ်စောင့်ရှောက်ပေးထားတဲ့ ရေကာတာများဟာ ကျွန်တော်တို့ မြို့နယ်များရဲ့ မြို့ရိုးတံတိုင်းကြီးများအဖြစ် တည်ရှိနေပါတယ်။ နှစ်ပေါင်း ၁၃၀ ခန့်အတွင်း အသက်အရွယ်ရလာတဲ့ တာကြီးများမှာ ကျိုးပေါက်၊ ပြိုကျပျက်စီးမှုများ ရှိခဲ့ပါတယ်။ ဥပမာ မြန်အောင်မြို့နယ်အတွင်းမှာ မန်ကျီးစု၊ ကန်စွန်းခုံ၊ ငါးဘတ်ချောင်း၊ ဂျီချောင်း၊ သပြေကုန်း၊ ကျွဲခေါင်းကြီးဒေသများဟာ ပန်းတာသစ်များနှင့် အစားထိုးကာရံတည်ဆောက်ခဲ့ရပါတယ်။ အစားထိုး တည်ဆောက်ထားတဲ့ ပန်းတာသစ်များဟာ မြေသစ်တာတမံများဖြစ်တဲ့အတွက် ကြံ့ခိုင်မှုအားနည်းပြီး တာထုထည်နှင့် တာအရပ်အမောင်း မကောင်းခဲ့တာ တွေ့ရပါတယ်။ ၂၀၁၅ ခုနှစ် မြစ်ရေလျှံတက်ချိန်မှာ မြစ်ရေများဖြတ်ကျော်မည်ဖြစ်တဲ့အတွက် သဲအိတ်များဆင့်ပြီး ကာကွယ်ထားရခဲ့သည်လည်း ရှိပါတယ်။ မြန်အောင်မြို့မြောက်ဘက် မန်ကျီးစုတာထိပ်အနီးမှာ ပန်းတာအသစ်နဲ့ ကျိုးပျက်သွားတဲ့ မူလတာအဟောင်းဆုံရာမှာလည်း ကမ်းနဲ့တာကြီးအောက်ခြေဟာ ပေ ၃၀ ခန့်ပင် မပြည့်ချင်တော့ပါ။ ဆက်လက်ပြိုကျဆဲဖြစ်ပါတယ်။ ပြည်သူများရဲ့ စိတ်အစဉ်မှာ မြစ်ရေမတက်ခင်ကပင် စိုးရိမ်ရေ အမှတ်ရောက်ပြီး ပူလောင်နေကြရပါတယ်။ ဧရာဝတီရေကာတာကြီးရဲ့ အသက်အရွယ်အရ ရေကာတာကြီးရဲ့ကြံ့ခိုင်မှုဟာ သံသယရှိစရာ ကောင်းလှပါတယ်။ ၂၀၁၅ ခုနှစ် မြစ်ရေကြီးချိန်မှာ မြန်အောင်မြို့နယ်တစ်ခုတည်းတွင်ပင် ရေကာတာကြီးရဲ့အောက်ခြေမှ ထူးပေါက်၊ စိမ့်ပေါက်တွေက ရေဝင်ရောက်လာမှုကြောင့် ရေခွေများတည်ဆောက်ပြီး အရေးပေါ်ထိန်းသိမ်းခဲ့ရပါတယ်။ ရေခွေ ခွေထားတဲ့နေရာပေါင်း ၄၀ ကျော် ရှိခဲ့ပါတယ်။ ဒီရေကာတာကြီးရဲ့ ရေဝင်၊ ရေထွက်၊ ရေတံခါး ပေါက်ကြီးများဟာ မြို့ရိုးတံခါးကြီးများနဲ့တူပါတယ်။ တံခါးပေါက်ကြီးရဲ့ တံခါးများရေလုံစည်း၊ လိုင်နင်များ ဆယ်စုနှစ်များစွာချီပြီး စနစ်တကျပြင်ဆင်ထိန်းသိမ်းထားနိုင်ခြင်းမရှိတဲ့အပြင် ခေတ်မီစနစ်များနှင့် အသစ်လဲလှယ်အစားထိုးတပ်ဆင်နိုင်ခြင်းမရှိခဲ့တာကြောင့် ရေယိုစိမ့်မှုများ၊ အဖွင့်အပိတ် မလွယ်ကူခြင်းများ ဖြစ်ပေါ်နေပါတယ်။ တစ်ပွဲထိုးတစ်နှစ်ခံနည်းပညာများနဲ့သာ ထိန်းသိမ်းနေရသည် လည်းရှိပါတယ်။ ကြံခင်းမြို့နယ်အတွင်းမှာ တိုက်ကြီးရေတံခါး၊ မြန်အောင်မြို့နယ်အတွင်းမှာ စပါးကရို ရေတံခါး၊ လေးမိုင် မာလကာကုန်းရေတံခါး၊ မင်္ဂလာတံတားတံခါး (၁)၊ (၂)၊ အိုးဘို၊ အိုင်ကလော၊ ညောင်ဝင်း၊ သပြေကုန်းရေတံခါးများဟာ သက်သေအဖြစ် ယနေ့တိုင်တည်ရှိနေပါတယ်။ ကမ္ဘာကြီးဟာ ဖွံ့ဖြိုးပြီးနိုင်ငံများရဲ့ စက်ရုံမီးခိုးငွေ့များကြောင့်လည်းကောင်း၊ သစ်တောသယံဇာတ ပြုန်းတီးမှုကြောင့်လည်းကောင်း၊ ကမ္ဘာကြီးရဲ့ရာသီဥတုဟာ ပြောင်းလဲခဲ့ပါတယ်။ တောင်ပြိုပြီး

မြစ်ကြမ်းပြင်များ မြင့်တက်ခဲ့ပါတယ်။ အစွန်းရောက်ရာသီဥတုဖြစ်ပေါ်နေချိန်မှာ ရုတ်တရက် မိုးများ၊ ရေများ၊ ဖိအားများစွာရဲ့ဒဏ်ကို တာတမံကြီးရင်ဆိုင်ရမယ့်အရေး ပြည်သူတွေတွေးပြီးလည်း စိတ်ပူနေပါတယ်။ ကျွန်တော်တို့တာတမံကြီးတွေ ကျန်းမာရေးကောင်းပါမှ၊ အနာရောဂါများကို ကြိုတင်ကုသထားနိုင်ပါမှ ကျွန်တော်တို့ပြည်သူတွေ ဘေးကင်းလုံခြုံမှာဖြစ်ပါတယ်။ လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဧရာဝတီနဲ့ ဝေန်ရေကာတာကြီးများ၊ တာရိုးများရဲ့နောက်ကွယ်မှာ မြို့နယ်များမှပြည်သူများနဲ့ ၄င်းတို့ရဲ့ အကျိုးစီးပွား၊ အသက်အိုးအိမ်များစွာဟာ တစ်စုတစ်စည်းတည်း ခိုလှုံနေပါတယ်။ မြို့ရိုးကြီးလည်း ခိုင်ခံ့ပါစေ၊ မြို့တံခါးများလည်း လုံခြုံစိတ်ချရပါစေလို့ ပြည်သူများက အမြဲဆုတောင်းနေရပါတယ်။ ရေတံခါးကြီးဘက်မှ ရပ်တည်ပြီး အားပြိုင်လက်တွဲဆင်နွှဲဖို့ ပြည်သူတွေ အသင့်အနေအထားမှာရှိပါတယ်။ မိုးသံ၊ ရေသံကြားကတည်းက လူတွေရဲ့ စိုးရိမ်ရေအမှတ်ဟာ အမြဲမြင့်တက်နေပါတယ်။ နိုင်ငံတော်အနေနဲ့၊ ပြည်ထောင်စုအစိုးရအနေနဲ့ ဆောင်ရွက်ပေးမယ်ဆိုရင် စိုးရိမ်ရေအမှတ်ကျဆင်းပြီး နှလုံးစိတ်ဝမ်း အေးချမ်းသာယာမှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဦးဇော်မင်းသိန်းရဲ့အဆိုအားလေးလေးနက်နက် တိုက်တွန်းကြောင်း ပြောကြားရင်း နိဂုံးချုပ်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ညောင်တုန်းမဲဆန္ဒနယ်မှ ဦးအုန်းလွင် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးအုန်းလွင်(ညောင်တုန်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လေးမျက်နှာ မဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးဇော်မင်းသိန်းရဲ့အဆိုဟာ ကျွန်တော့်မြို့နယ်ရဲ့ ဖြစ်စဉ်နဲ့ ထပ်တူနီးပါး တူညီနေတဲ့ အတွက် ကျွန်တော်ညောင်တုန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအုန်းလွင်မှ ထောက်ခံအကြံပြုဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုအချိန်ဟာ မိုးကျသည်ဆိုတာနဲ့ ကမ်းပြိုခြင်း၊ သောင်ထွန်းခြင်း၊ ရေကြီးရေလျှံဖြစ်ခြင်းများဟာ ဧရာဝတီမြစ်နဲ့ပတ်သက်နေတဲ့ မြို့တော်တော်တော်များများမှာ ရင်ဆိုင်ကြုံတွေ့နေရတဲ့ ဒုက္ခတစ်ခုဖြစ်ပါတယ်။ ပထမအချက်အနေနဲ့ ကျွန်တော့် မဲဆန္ဒနယ်မြေဖြစ်တဲ့ စံကင်းကျွန်းပတ်တာတွေနဲ့ ပတ်သက်ပြီးတော့ ကျွန်တော်တင်ပြဆွေးနွေးလိုပါတယ်။ စံကင်းကျွန်းဟာ ညောင်တုန်းမြို့ရဲ့မြောက်ဘက် ဧရာဝတီမြစ်ရဲ့အရှေ့ခြမ်းမှာ ရှိပြီးတော့ ဧရာဝတီမြစ်ခွဲ ပန်းလှိုင်မြစ်နဲ့ အရှေ့ဘက်ဘောလယ်မြစ်ကြားမှာ တည်ရှိပါတယ်။ ကျေးရွာအုပ်စု ပေါင်း ၁၈ အုပ်စုနဲ့ လူဦးရေ ၆၂၀၂၇ ဦးနေထိုင်ပြီး စိုက်ဧကမိုးစပါး ၁၉၉၇၀ ဧက၊

နွေစပါး ၁၆၇၅၀ ဧက၊ ဆောင်းသီးနှံ ၁၉၅၀၀ ဧကနဲ့ ငါးမွေးကန်ဧရိယာ ၁၃၀၄၀ ဧကနဲ့ အ.ထ.က(ခွဲ) သုံးကျောင်း၊ အ.လ.က ငါးကျောင်းနဲ့ အ.မ.က ၇၂ ကျောင်း၊ ၁၆ ခုတင်ဆံ့ အင်းမတိုက်နယ်ဆေးရုံ တစ်ရုံနဲ့ ကျေးလက်ကျန်းမာရေးဌာနခွဲ ရှစ်ခုတို့အပြင် ဒီစံကင်းကျွန်းပတ်တာကို အကာအကွယ်ယူပြီး အသက်မွေးဝမ်းကျောင်းပြုလျက်ရှိပါတယ်။ အခုအခါ ကျွန်းပတ်တာရဲ့ သက်တမ်းကြာမြင့်ခြင်း၊ မြစ်ကြမ်းပြင်မြင့်တက်လာပြီးတော့ မြစ်အလယ်ခေါင်မှာ သောင်ထွန်းခြင်း၊ မြစ်ကြောင်းထိန်းသိမ်းခြင်း လုပ်ငန်းများအားနည်းခြင်းတို့ကြောင့် မိုးအခါရေတိုက်စားမှုဒဏ်ကို ခံနိုင်ခြင်းမရှိတော့ဘဲနဲ့ အချို့ နေရာ ဥပမာ ပါလှဲ့၊ တာဝရွာတွေမှာဆိုရင် တာခြေကပ်ပြီးတော့ ကမ်းပြိုတိုက်စားတဲ့အထိ ဖြစ်ပေါ် နေပါတယ်။ အခုအခြေအနေမှာဆိုရင် တပ်မတော်၊ တပ်ရင်း၊ တပ်ဖွဲ့ကလည်း လာရောက်ပြီးတော့ အရေးပေါ်ကာကွယ်ရေးလုပ်ငန်းများတွေကို ပူးပေါင်းဆောင်ရွက်နေတာကို တွေ့ရပါတယ်။ ဒီဖြစ်စဉ် တွေဟာ တစ်နှစ်တည်းမဟုတ်ဘဲ မိုးကျပြီဆိုတာနဲ့ မြစ်ကမ်းပါးပြဿနာစတင်လာပါတယ်။ ရွာများမှာ လည်း မကြာခဏ ပြောင်းရွှေ့ရခြင်း၊ ဆည်မြောင်းဦးစီးဌာနမှ ပန်းတာနှစ်စဉ်တစ်ရပ်တည်ဆောက်ရ သလို ငွေကြေးကုန်ကျများလွန်းပြီးတော့ ကျေးလက်ပြည်သူများမှာလည်း နေ့မအိပ်ရ၊ ညမအိပ်ရနဲ့ ကြုံတွေ့နေရပါတယ်။ ဒုတိယအချက်အနေနဲ့ ကျွန်တော့်မြို့နယ်မှာလည်း အလားတူဖြစ်ပါတယ်။ ညောင်တုန်းမြို့ဟာ ၂၁-၁၀-၁၈၈၄ ရက်စွဲပါ ဗြိတိသျှ-မြန်မာ ပြန်တမ်း အပိုဒ် ၁ အထွေထွေဌာန အမိန့် ကြော်ငြာစာအမှတ်(၃၃၃)အရ အင်္ဂလိပ်-မြန်မာတတိယစစ်ပွဲ ၁၈၈၅ ခုနှစ်မတိုင်မီ ၁၈၈၄ ခုနှစ်၊ အောက်တိုဘာလ ၂၄ ရက်နေ့မှာ ၂၀ ရက်နေ့မှာ မြို့အဖြစ် သတ်မှတ်ပြဋ္ဌာန်းခဲ့ပါတယ်။ မြို့ဟာ ထိုအချိန်ကတည်းက ဧရာဝတီမြစ်နဲ့ ပန်းလှိုင်မြစ်ဆုံရာ ပန်းလှိုင်မြစ်ဘက်အခြမ်းမှာ အရှေ့နဲ့အနောက် မြစ်နဲ့ယှဉ်ပြီး တည်ရှိလျက်ရှိပါတယ်။ မိုးတွင်းကာလမြစ်ရေဝင်ရောက်မှုမရှိစေရန် မြို့ရဲ့အရှေ့ဘက်နဲ့ တောင်ဘက်ရှိ ဆည်မြောင်းဦးစီးဌာနပိုင်ရေကာတာနှင့် ဆက်ပြီး ပ ပုံသဏ္ဍာန်မြူနီစပယ်ရေကာတာ တည်ဆောက်ထားပါတယ်။ ရန်ကုန်မှ ရေလမ်းခရီး ၆၆ မိုင်ရှိပြီး ယခင် ဧရာဝတီသင်္ဘောကြီးများ ဝင်ထွက်သွားလာတဲ့မြို့ ဖြစ်ပါတယ်။ ယင်းသို့နှစ်ကာလကြာရှည်စွာနေလာခဲ့သော်လည်း ၁၉၈၂-၁၉၈၃ ဘဏ္ဍာရေးနှစ်မှ စတင်ပြီး သောင်တူးသင်္ဘောနှစ်စင်းဖြင့် Yandoon Pilot Channel ညောင်တုန်းရေခေါ်တူးမြောင်းအား တူးဖော်လိုက်တာဟာ ၁၉၈၈ ခုနှစ်မှာ စတင်ပြီး မြို့ကို မြစ်ရေ တိုက်စားပြီး မြို့ပတ်တာရဲ့ အပြင်ဘက်မှာရှိတဲ့ သမဝါယမသိုလှောင်ရုံများ၊ ပြည်သူ့သစ်ဆိုင်များ၊ လွတ်လပ်ရေးကျောက်တိုင်၊ မူလတန်းကျောင်းနဲ့ လူနေအိမ်များ ကမ်းပြိုရာမှာပါသွားခဲ့ပါတယ်။ ၁၈၈၉ ခုနှစ် မိုးရာသီမှာတော့ မြို့ရှိ (၈)လမ်းနှင့် (၂၅)လမ်းထိပ် မြစ်ကမ်းနဲ့ ရေကာတာကြား

အဆောက်အဦများ၊ (၂၅)လမ်းနဲ့ (၄၁)လမ်းရှိ မြို့ပတ်ရေကာတာအတွင်းဘက် မြို့ထဲလူနေအိမ်ရပ်ကွက်လေးခြံတွဲအထိ ကမ်းပြိုရာမှာ ပါသွားသဖြင့် လူနေရပ်ကွက်အချို့ အိမ်များပြောင်းရွှေ့ပြီးတော့ မြို့ပတ်ရေကာတာအသစ်တစ်လုံး တည်ဆောက်ခဲ့ရပါတယ်။ သက်ဆိုင်ရာနိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အစိုးရရဲ့ထည့်ဝင်ငွေ၊ မြို့လူထုရဲ့ထည့်ဝင်ငွေ၊ ညောင်တုန်းမြို့နယ်စည်ပင်သာယာရေးထည့်ဝင်ငွေတို့ဖြင့် မြစ်ကမ်းပါးကာကွယ်ရေးလုပ်ငန်းများ၊ နုန်းဖမ်းတန်းများဝါယာဖမ်း၊ ရေလွှဲတန်းများ ကလုံးများကို နှစ်စဉ် ကျပ်သိန်းပေါင်းရာနဲ့ချီပြီး သုံးစွဲခဲ့ပါသော်လည်းယခုအချိန်အထိ တစ်နှစ်မျှစိတ်မအေးရပါ။ ကာကွယ်ရေးလုပ်ငန်းများ မနိုင်မနင်းဖြစ်ပြီး ပရိတ်ကြိုးတားပြီး နေခဲ့ရတဲ့နှစ်တောင်ရှိခဲ့ပါတယ်။ ပြီးခဲ့သော ၂၀၁၅ ခုနှစ် ရေကြီးရေလျှံမှုဖြစ်ပေါ်လာလို့တာမြင့်တင်ရေးလုပ်ငန်းများကို ဆောင်ရွက်စဉ် (၉)လမ်းနှင့် (၁၁)လမ်းရှိ တာအလုံးလိုက် အိဆင်းသွားသဖြင့် ပြည်ထောင်စုသီးသန့်ရန်ပုံငွေမှ ကျပ် တစ်ဘီလီယံ သုံးစွဲခဲ့ပြီးဖြစ်ပါတယ်။ သို့သော်လည်းပြိုကျတဲ့နေရာမှာ စိတ်ချရပြီးတော့ ကျန်လမ်း(၃၀)နှင့်(၄၁)လမ်းရှိ ကမ်းပြို၊ ကမ်းအိဖြစ်ကာစိတ်မချရတဲ့အနေအထားဖြစ်ကာ ကာကွယ်ရေးလုပ်ငန်းများအား အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊အခြားဌာနဆိုင်ရာများ၊ အရပ်ဖက်အဖွဲ့အစည်းများနှင့် တပ်မတော်သားများ ပူးပေါင်းကာကွယ်နေရပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်အချုပ်ပြောချင်သည်မှာနှစ်စဉ်ရေထဲသို့ နိုင်ငံတော်ပိုက်ဆံ အမြောက်အမြားချပြီး သုံးစွဲနေပါသော်လည်း တစ်ပွဲထိုးလုပ်ဆောင်နေသလိုဖြစ်ပြီး ပိုက်ဆံသာကုန်ပြီး တစ်နှစ်မျှ စိတ်မအေးရတဲ့အခြေအနေနဲ့ ရင်ဆိုင်နေရပါတယ်။ သို့ပါ၍ ပိုက်ဆံထိထိရောက်ရောက်အကုန်ခံပြီး ရေရှည်တည်တံ့မည့်အစီအမံများချမှတ်ပြီး ဧရာဝတီမြစ်ကြီးအား ရေစီးရေလာကောင်းမွန်ပြီး သာယာလှပသော မြို့ဆိပ်ကမ်းများပေါ်ထွန်းလာနိုင်ရန်အတွက် လေးမျက်နှာမြို့နယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဇော်မင်းသိန်းရဲ့အဆိုကို အလေးအနက်ထောက်ခံပါကြောင်း တင်ပြအပ်ပါတယ်။ အားလုံး သောကကင်းစွာအိပ်စက်နိုင်ကြပါစေ။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ကန်ကြီးထောင့်မဲဆန္ဒနယ်မှ ဦးရွှေလှကြိုင် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးရွှေလှကြိုင်(ကန်ကြီးထောင့်မဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ကြွရောက်လာကြသော ပြည်ထောင်စုဝန်ကြီးများနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေလို့ ဦးစွာပထမဆန္ဒပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ဧရာဝတီတိုင်းဒေသကြီး၊ ကန်ကြီးထောင့်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်

ကိုယ်စားလှယ် ဦးရွှေလှကြိုင် ဖြစ်ပါတယ်။ လေးမျက်နှာမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဇော်မင်းသိန်း တင်သွင်းသွားတဲ့ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ဧရာဝတီမြစ်နှင့်ငဝန်မြစ်အား ကာရံထားသော ရေတာတာများအား ယခုရောက်ရှိသည့်မိုးရာသီတွင် ပြည်သူများစိုးရိမ်ပူပန်မှုမရှိ ရအောင် ကြိုတင်အစီအမံများချမှတ်ထားရှိရေးနှင့် လာမည့်ပွင့်လင်းရာသီတွင် တာတမံများကြံ့ခိုင်မှု ရှိရန် ဆောင်ရွက်ရေးအတွက်ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်းအဆိုကို ထောက်ခံဆွေးနွေး သွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဧရာဝတီမြစ်နှင့်ငဝန်မြစ် ရေကြီး ရေလျှံမှုကြောင့် ငဝန်မြစ်အားကာရံထားသော ရေကာတာများကျိုးပေါက်မှုရှိခဲ့သဖြင့် လေးမျက်နှာ မြို့နယ်တစ်ခုလုံးနှင့် အခြားမြို့နယ်များရေလွှမ်းမိုးမှု၊ ပျက်စီးဆုံးရှုံးခဲ့ရသလိုပဲ ကျွန်တော်တို့ ကန်ကြီးထောင့်မြို့နယ်လည်းပဲ အလားတူစွာ ရေနစ်မြုပ်ခြင်းကို ခံစားခဲ့ရပါတယ်။ Power Point အသုံးပြုခြင်းခွင့်ပြုပါခင်ဗျား။ ဒါကတော့ ၂၀၁၄ ခုနှစ်တုန်းက ငဝန်မြစ်ရေ ရေကြီးရေလျှံမှုကြောင့် ကန်ကြီးထောင့်မြို့နယ် အမှတ်(၁)ရပ်ကွက်၊ ကံ့ကော်တန်းရေကာတာကျိုးပေါက်ပြီးတော့ ရေအလုံး အရင်းဖြင့်ဝင်လာတဲ့အတွက်ကြောင့်၊ ရေတိုက်စားမှုကြောင့် အိမ်ကြီးတစ်လုံးရေထဲမြောပါသွားပြီးတော့ ကန်ကြီးထောင့်မြို့နယ်အတွင်းရှိ တိုက်နယ်ငါးခုစလုံးကို ရေလွှမ်းမိုးခံခဲ့ရပါတယ်။ ပုသိမ်-မုံရွာ ကားလမ်းမကြီးပေါ်မှာရှိတဲ့ ရွာသစ်ကုန်းရွာအနီးရှိ သံကူကွန်ကရစ်တံတားမှာလည်းပဲ ရေတိုက် စားမှုကြောင့် ပျက်စီးဆုံးရှုံးခဲ့ရပြီး စိုက်ပျိုးပြီးမြေနေရာဧက ၂၀၀၄၇၀ ဧက ကာလတန်ဖိုးအားဖြင့် သန်း ၂၄၅၆.၄၀ သန်း ပျက်ဆီးဆုံးရှုံးခဲ့ရတယ်လို့ မှတ်တမ်းများအရ သိရှိရပါတယ်။

ဒါကတော့ ၂၀၁၂ ခုနှစ် ငဝန်မြစ်ရေကြီးပြီး ရွှေးကျေးရွာအနီးမှ ရေကာတာကျိုးပေါက် သဖြင့် အချိန်မီဆည်ဖို့နိုင်ခဲ့တဲ့အတွက်ကြောင့် ပျက်စီးဆုံးရှုံးမှုအနည်းငယ်သာ ရှိခဲ့ပါတယ်။ စိုက်ပျိုးပြီး သီးနှံဧက ၅၀ ခန့်ပျက်စီးပြီးတော့ ကာလတန်ဖိုး သန်း ၆.၄၄ သန်းရှိတယ်လို့ မှတ်တမ်းများအရ သိရ ပါတယ်။ ဒါကတော့ ၂၀၁၅ ခုနှစ် ငဝန်မြစ်ရေကြီးရေလျှံမှုကြောင့် တကော့ကျေးရွာအုပ်စု၊ ကိုးနဝင်း ကျေးရွာအနီးမှာ ပုသိမ်-မုံရွာကားလမ်းမကြီးပေါ်မှာရှိတဲ့ မိုင်တိုင်အမှတ်(၂၂/၅)မှ(၂၂/၇)အကြား လမ်းမပေါ်မှာ ရေလျှံခြင်းဖြစ်ပါတယ်။ ကားလမ်းမကြီးပေါ်မှာ နှစ်ပေခန့်ရေကျော်ပြီးတော့ စီးဝင်ခဲ့တဲ့ အတွက်ကြောင့် ဒါးကတိုက်နယ်အတွင်းမှာရှိတဲ့ ကျေးရွာအုပ်စုခုနစ်အုပ်စု ရေလွှမ်းမိုးခြင်း ခံခဲ့ရပါ တယ်။ ဒါးကကျေးရွာမှ ရွှေးကျေးရွာအုပ်စုသို့ ဆက်သွယ်သော ရှည်လျားသော ကမ်းပတ်တာ ၁၁.၅၇ မိုင်ရှိသော ရေကာတာမှာ ရွှေးကုန်းကျေးရွာအနီးမှာ ကျိုးပေါက်မှုရှိခဲ့သဖြင့် ရေလွှမ်းမိုးမှုများ

ကြုံတွေ့ခဲ့ရပြီး လူနေအိမ်များ၊ စာသင်ကျောင်းများ၊ ငါးမွေးကန်များ၊ တောင်သူများ စိုက်ပျိုးပြီးသော စပါးခင်းများ စိုက်ဧက ၅၀၂၄ ဧက ရေကြီးနစ်မြုပ်ပျက်စီးခဲ့ပြီးတော့ ကာလတန်ဖိုးအားဖြင့် ၆၄၈.၀၉၆ သန်း ဆုံးရှုံးတယ်လို့ မှတ်တမ်းများအရ သိရှိပါတယ်။ သို့ပါ၍ ထိန်းသိမ်းစောင့်ရှောက်မှု အားနည်းပြီး တော့ ယခုကဲ့သို့ရေကာတာများ ကျိုးပေါက်၍ ရေကျော်ရေလျှံခြင်းများအပေါ် ပြည်သူများစိုးရိမ် ထိန့်လန့်ရသဖြင့် ရေကာတာများ ကြံ့ခိုင်မှုရှိစေရန်အတွက် ဆောင်ရွက်ပေးရေးကို လေးမျက်နှာ မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဇော်မင်းသိန်း၏ ပြည်ထောင်စုအစိုးရသို့ တိုက်တွန်း ကြောင်းအဆိုကို လေးနက်စွာထောက်ခံပါကြောင်း တင်ပြရင်း နိဂုံးချုပ်ပါတယ်ခင်ဗျား။ အားလုံး ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ။** ။ ကျောက်တန်းမဲဆန္ဒနယ်မှ ဒေါ်အေးမြမြမျိုး ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဒေါ်အေးမြမြမျိုး(ကျောက်တန်းမဲဆန္ဒနယ်)။** ။အားလုံးမင်္ဂလာပါရှင်။ ကျွန်မကတော့ ကျောက်တန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်အေးမြမြမျိုး ဖြစ်ပါတယ်ရှင်။ လေးမျက်နှာမဲဆန္ဒနယ်က ဦးဇော်မင်းသိန်း တင်သွင်းသွားတဲ့အဆိုကို ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ဧရာဝတီတိုင်းဒေသကြီးမှာရှိတဲ့ ရေကာတာတွေကျိုးပေါက်မှာကို စိုးရိမ်တဲ့အထဲမှာ ဧရာဝတီတိုင်းဒေသကြီးမှာ မှီတင်းနေထိုင်ကြတဲ့ လုပ်သားပြည်သူများသာမကပါဘူး။ ကျွန်မတို့ တစ်နိုင်ငံလုံးမှာနေထိုင်တဲ့ ပြည်သူတွေလည်းပါဝင်ပါတယ်။ မနှစ်က ဒီလိုအချိန်မှာဆိုရင် ရေကြီး ရေလျှံမှုတွေကြောင့်မို့လို့ ရေဘေးသင့်ပြည်သူများဆီကို ကူညီကယ်ဆယ်ရေးတွေကို ထွက်နေရတာပါ။ တစ်နိုင်ငံလုံးမှာရှိတဲ့ အနယ်နယ်အရပ်ရပ်က အလှူရှင်တွေ၊ စေတနာ့ဝန်ထမ်းတွေ အဖွဲ့အစည်း အသီးသီးက ဧရာဝတီတိုင်းဒေသကြီး အပါအဝင် ရေဘေးသင့်ဒေသဆီကို သွားရောက်ပြီးတော့ လှူဒါန်းကယ်ဆယ်ရေးတွေလုပ်နေရတဲ့အချိန် ဖြစ်ပါတယ်။ အခုချိန်ဆိုလည်း မိုးသည်းသည်းရွာတိုင်း မှာ ဘယ်အချိန်မှာရေကြီးမလဲ၊ ဘယ်နေရာမှာရေကြီးမလဲ၊ မြေပြိုမလဲဆိုပြီးတော့ ကျွန်မတို့တွေ သောကရောက်နေရဆဲဖြစ်ပါတယ်။ အစွန်းရောက်ရာသီဥတုရဲ့ ချိန်းခြောက်မှုဒဏ်ကို ခံစားနေရတဲ့ အချိန်မှာ တားဆီးမရနိုင်တဲ့သဘာဝအန္တရာယ်ကြောင့်မဟုတ်ဘဲနဲ့ လူသာတွေတည်ဆောက်ထားတဲ့၊ ပြုပြင်လို့ရနိုင်တဲ့ ဆည်မြောင်းတာတမံတွေရဲ့ ကြံ့ခိုင်မှုအားနည်းပြီးတော့မှ စိုးရိမ်သောက ရောက်နေ ကြတဲ့အချက်ဆိုတာ ဘယ်လိုမှဖြစ်သင့်တဲ့အချက်မဟုတ်ပါဘူး။ တာတမံတွေကို ရေပေါက်တဲ့အခါမှာ ရေစိမ့်မှုတွေကို သဲအိတ်တွေလို၊ ကတုတ်ရိုက်တာလို ရေတိုနည်းတွေနဲ့ကုသနေတာ၊ ပြင်ဆင်နေတာကို တွေ့ရတာလည်း အဆိုရှင်တင်ပြသွားတဲ့ ပုံတွေမှာမြင်တွေ့ရပါတယ်။ တကယ်တမ်းတော့ ရန်ပုံငွေ

အပေါ်အခြေခံပြီးတော့ အရေးကြီးတဲ့နေရာတွေကို ဦးစားပေးပြီးတော့ ဆောင်ရွက်သင့်ပါတယ်။ တာတမံတွေကိုပြုပြင်ရာမှာ ရေမှတ်တစ်ခုပေါ်မှာ အခြေခံပြီးတော့ ခံနိုင်ရည်ရှိဖို့မှာ ပြုပြင်သွားရမှာဖြစ်ပါတယ်။ အဆိုပါခံနိုင်ရေမှတ်ထက်ကျော်လွန်ပြီး အရေးကြီးမှုဖြစ်ပေါ်လာပါကလည်း အရေးကြီးဒေသများကို ထိခိုက်မှုရှိစေရေး၊ အရေးပေါ်ရေလွှဲပေါက်များကို ကြိုတင်စဉ်းစားထားသင့်ပါတယ်။ တာတမံတွေရဲ့ ကြံ့ခိုင်မှုတွေကို အချိန်မလပ်စစ်ဆေးပြီးတော့ ပြည်သူတွေကိုလည်း အသိပေးထားသင့်ပါတယ်။ အန္တရာယ်ရှိနိုင်တဲ့ ဒေသခံပြည်သူတွေကိုလည်း ဘေးလွတ်ရာကို ရွှေ့ပြောင်းဖို့အတွက်ကိုလည်း စီစဉ်ထားသင့်ပါတယ်။

၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၁၄ ရက်နေ့မှာ ပြဋ္ဌာန်းခဲ့တဲ့ မြန်မာနိုင်ငံတာတမံကြီးများဆိုင်ရာအမျိုးသားကော်မတီဥပဒေရဲ့ အခန်း(၅)၊ ကော်မတီရဲ့ တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ ပုဒ်မ ၁၇ ပုဒ်မခွဲ (ဃ)မှာ နိုင်ငံတော်၏ တည်ဆောက်ပြီး တာတမံစီမံကိန်းများကို ကော်မတီက ကြံ့ခိုင်မှုစစ်ဆေးခြင်း၊ ဆက်စပ်လုပ်ငန်းများနှင့် ရေအားလျှပ်စစ်အဆောက်အဦများအားလည်းပတ်အသုံးချမှု၊ ထိန်းသိမ်းထားမှုကို စစ်ဆေးခြင်း၊ အကြံပြုထောက်ခံချက်ပေးခြင်းစတဲ့ လုပ်ငန်းဆိုပြီး လုပ်ငန်းတွေ၊ တာဝန်တွေ ပါရှိပါတယ်။ ပုဒ်မ ၁၈ ပုဒ်မခွဲ(ည)မှာလည်း သုတေသနဖော်ထုတ်ချက်များ၊ လေ့လာပြီးလုပ်ငန်းများ၊ သုတေသနတွေ့ရှိချက်များနှင့် ပညာရပ်ဆိုင်ရာစာစောင်များကို ထုတ်ဝေခြင်း၊ ကြေညာခြင်းဆိုတဲ့ လုပ်ငန်းတွေ၊ အသိပညာများကို ဖြန့်ဖြူးပေးခြင်းဆိုတဲ့ လုပ်ငန်းတွေပါရှိတယ်လို့ လေ့လာတွေ့ရှိရပါတယ်။ ကော်မတီရဲ့တာဝန်နှင့်လုပ်ပိုင်ခွင့်အတိုင်း တာတမံတွေရဲ့ကြံ့ခိုင်မှုကို စစ်ဆေးခြင်း၊ အကြံပြုထောက်ခံခြင်း၊ လေ့လာသည့်လုပ်ငန်းများ၊ သုတေသနတွေ့ရှိချက်များနှင့် ပညာရပ်ဆိုင်ရာစာစောင်များကိုထုတ်ဝေခြင်း၊ ကြေညာခြင်းလုပ်ငန်းဆိုင်ရာ အသိပညာများကို ဖြန့်ဖြူးပေးခြင်းတို့ကို အချိန်နှင့်တစ်ပြေးညီလုပ်ဆောင်ပေးမယ်ဆိုပါကလည်း ဒေသခံပြည်သူတွေရဲ့သောက လျော့ပါးသွားစေမှာဖြစ်ပါတယ်။ တာတမံကျိုးပေါက်မှုများက သဘာဝအန္တရာယ်များကြောင့်မဟုတ်ဘဲ ကြိုတင်ကာကွယ်မှုများမပြုလုပ်နိုင်တဲ့အတွက်ကြောင့် တာဝန်ရှိသူတွေရဲ့ ပေါ့ဆမှုကြောင့်ဖြစ်ပြီးတော့ ဆုံးရှုံးမှုလည်းကြီးနိုင်ပါတယ်။ သို့ပါ၍ ရေကျော်ထွက်ပေါက်မှုများမဖြစ်ပေါ်စေရန် သက်ဆိုင်ရာဝန်ကြီးဌာနမှ အသေးစိတ်အစီအမံများချမှတ်ဆောင်ရွက်ပြီး လာမယ့်ပွင့်လင်းရာသီမှာ ရေကာတာများ၊ တာတမံများ ကြံ့ခိုင်စိတ်ချမှုရှိအောင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး ပြည်ထောင်စုအစိုးရအားတိုက်တွန်းကြောင်းအဆိုကို လေးလေးနက်နက်ထောက်ခံအပ်ပါတယ်ရှင်။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**မူကြမ်း**

**ဥက္ကဋ္ဌ**။ ။ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးတိုးလွင် ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဒုတိယဗိုလ်မှူးကြီးတိုးလွင်(တပ်မတော်သားကိုယ်စားလှယ်)**။ ။ အားလုံးမင်္ဂလာပါ ခင်ဗျား။ ကျွန်တော်ကတော့ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီး တိုးလွင်ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ လေးမျက်နှာမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဇော်မင်းသိန်း တင်သွင်းတဲ့အဆိုကို ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ Power Point သုံးစွဲ ခွင့်ပြုပါခင်ဗျား။ မြန်မာနိုင်ငံရဲ့အသက်သွေးကြောဖြစ်တဲ့ ဧရာဝတီမြစ်ဟာ မြန်မာနိုင်ငံ မြောက်ဘက် စွန်းမှ စီးဆင်းလာပြီး မြန်မာနိုင်ငံအလယ်ပိုင်းတွင် ချင်းတွင်းမြစ်နှင့်ပေါင်းဆုံကာ ဧရာဝတီမြစ်ဝကျွန်း ပေါ်ဒေသမှတစ်ဆင့် မုတ္တမပင်လယ်ကွေ့အတွင်းသို့ စီးဝင်သည့် အရှည် ၁၂၅၀ မိုင် ရှည်လျားသော မြစ်ကြီးတစ်စင်းဖြစ်ပါတယ်။ ဧရာဝတီတိုင်းဒေသကြီးအတွင်းမှာ ကြံခင်းမြို့နယ်၊ ဆိပ်သာရွာမှစတင်ပြီး ဟင်္သာတမြို့အထက် ညောင်ကျိုးရွာတွင် ငဝန်မြစ်၊ ရွှေးမြစ်၊ ဖျာပုံမြစ်၊ သက္ကယ်သောင်မြစ်၊ ပြန်မလော့ မြစ်၊ ဘိုကလေးမြစ်၊ တိုးမြစ်၊ သံဒီမြစ်၊ ပြင်စလူမြစ် စတဲ့ မြစ်လက်တက်ပေါင်းများစွာခွဲထွက်ပြီး မုတ္တမကွေ့အတွင်းကို စီးဝင်ပါတယ်။ စုစုပေါင်း မိုင် ၁၈၀ ရှည်လျားပါတယ်။ ဧရာဝတီတိုင်းဒေသကြီး ဟာ စတုရန်းမိုင်ပေါင်း ၁၃၆၅၆ မိုင် ကျယ်ဝန်းပြီး တင်ပြပါအတိုင်း အိမ်ခြေ ၁၇၀၀၀၀ ကျော်နှင့် လူဦးရေခြောက်သန်းကျော် နေထိုင်လျက်ရှိပါတယ်။ မြန်မာနိုင်ငံမှာ လူဦးရေအများဆုံးနေထိုင်တဲ့ ဒေသကြီးဖြစ်ပြီး စိုက်ဧက ၃၇ သိန်းကျော်ရှိတဲ့ မြန်မာနိုင်ငံရဲ့ စပါးကျီကြီးလည်းဖြစ်ပါတယ်။ ဧရာဝတီ တိုင်းဒေသကြီးအတွင်း မြို့ရွာအများစုဟာ မြစ်ချောင်းနံဘေးမှာတည်ရှိပြီးတော့ မိုးသည်းစွာရွာသွန်း လျှင်လည်းကောင်း၊ ပင်လယ်ရေမျက်နှာပြင် မြင့်တက်ချိန်တွင်လည်းကောင်း၊ ရေကြီးနစ်မြုပ်မှုများ ဖြစ်ပေါ်လေ့ရှိပါတယ်။ ဒါကြောင့်လည်း ၁၈၈၅ ခုနှစ်ကစတင်ပြီး ဧရာဝတီတိုင်းဒေသကြီးအတွင်းမှာ တမံများတည်ဆောက်ခဲ့ရာ နှစ်အလိုက်တည်ဆောက်မှုဟာ တင်ပြပါအတိုင်းပဲဖြစ်ပါတယ်။ စုစုပေါင်း တမံ ၆၄ ခုရှိပြီးတော့ တမံအရှည်စုစုပေါင်း ၁၃၁၃ မိုင် ရှိပါတယ်။ စိုက်ဧက ၁၇ သိန်းကျော်ကို ရေနစ် မြုပ်မှုဘေးမှ အကာအကွယ်ပေးထားပါတယ်။ အဆိုပါတာတမံတွေကို လေ့လာကြည့်မယ်ဆိုလျှင် တာတမံတွေရဲ့ သက်တမ်းတွေဟာ ၂၇ နှစ်ကနေပြီးတော့ ၁၃၅ နှစ်အထိ ရှိပြီဖြစ်ပါတယ်။ ဧရာဝတီ တိုင်းဒေသကြီးရဲ့ ၁၉၇၄ ခုနှစ် ရေကြီးရေလျှံမှုကို ကြည့်မယ်ဆိုလို့ရှိရင် ဟင်္သာတတာကျိုးပေါက်မှု ကြောင့် ဟင်္သာတမြို့နယ်အပါအဝင် ရွာအများအပြားနဲ့ စိုက်ပျိုးလယ်ဧက ထောင်ပေါင်းများစွာ နစ်မြုပ်ခဲ့ပါတယ်။ ညောင်တုန်းကျွန်းတာကျိုးပေါက်မှုကြောင့် စိုက်ဧက ၃၀၀၀၀ ခန့်ရှိတဲ့အနက်မှ

၉၀၀၀ ခန့်ပျက်စီးခဲ့ပါတယ်။ ပြီးခဲ့တဲ့နှစ် ၂၀၁၅ ခုနှစ် မိုးရာသီ ရေကြီးရေလျှံမှုဖြစ်စဉ်မှာ ဧရာဝတီမြစ်ရေအမှတ်မှာ အရှေ့ဘက်ကမ်းနှင့် အနောက်ဘက်ကမ်းရှိ တင်ပြပါ ရေကာတာ ၁၅ ခုရဲ့ သတ်မှတ်စိုးရိမ်ရေအမှတ်ထက် များစွာပိုမိုမြင့်တက်လာတဲ့အတွက် ရေဘေးအန္တရာယ်ကျရောက်နိုင်ပြီး စိုးရိမ်ဖွယ်ရာအခြေအနေများနှင့် ကြုံတွေ့ခဲ့ရပါတယ်။ သက်ဆိုင်ရာဌာနများ၊ ဒေသခံအာဏာပိုင် အဖွဲ့အစည်းများ၊ တပ်မတော်သားများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများရဲ့လုပ်အားနှင့် အချိန်မီကာကွယ်နိုင်ခဲ့တဲ့အတွက်ကြောင့်မို့လို့ လယ်မြေဧက ၁၂.၇ သိန်းကျော် ရေဘေးအန္တရာယ်မှ ကာကွယ်ပေးနိုင်ကြောင်း သိရှိခဲ့ရပါတယ်။ သို့သော်လည်းပဲ ဧရာဝတီမြစ်ဝှမ်းပိုင်းမှာရှိတဲ့ မြို့ရွာများ နှင့် စိုက်ပျိုးမြေဧရိယာများ ရေကြီးနစ်မြုပ်မှုဘေးအန္တရာယ်မှ နောင်ရေရှည်စိတ်ချလုံခြုံနိုင်ရေး အတွက် အဆိုပါ အရေးကြီးရေကာတာ ၁၅ ခုကို အမြန်ကြံ့ခိုင်ရေးပြုလုပ်ပေးရန် လိုအပ်လျက်ရှိပါ တယ်။ ဒီကြံ့ခိုင်ရေးပြုလုပ်ရမယ့် တာတမံများရဲ့ပုံကို တင်ပြပါ့မယ်။ ဒါကတော့ တမံ ၁၅ ခုရဲ့ပုံ ဖြစ်ပါ တယ်။ ရေကြီးရေလျှံမှုများကို လေ့လာမယ်ဆိုရင် သဘာဝပတ်ဝန်းကျင်ထိခိုက်မှု၊ ရာသီဥတုပြောင်းလဲ မှု ပိုမိုဖြစ်ပေါ်မှု၊ မုန်တိုင်းများ ပိုမိုဖြစ်ပေါ်လာပြီး ပြင်းထန်လာမှုတို့ကြောင့်ဖြစ်ပြီး သဘာဝဘေး အန္တရာယ်များကိုလည်း ယခင်ထက်ပိုမိုခံစားလာရတာ တွေ့ရှိရပါတယ်။ ရေကြီးရေလျှံမှုမဖြစ်ပေါ်စေ ရေးအတွက် ကြိုတင်ပြင်ဆင်တဲ့အနေနဲ့ တာတမံများ နိမ့်ကျတဲ့နေရာများကို မြေဖို့ခြင်း၊ ရေပေါက်များ ခွဲ၍ မြေပြန်ဖို့ခြင်း၊ သဲသောင်များဖယ်ရှားခြင်း၊ မြစ်ကြောင်းများပြန်ဖော်ခြင်း၊ ကြိုတင်စီမံမှုများ ဆောင်ရွက်ထားသင့်ပြီး ရေကြီးမှုဖြစ်ပေါ်ချိန်မှာ ရေကင်းချ၍ အဆက်မပြတ်စောင့်ကြည့်ခြင်း၊ အရေးပေါ်ကာကွယ်ရေးပစ္စည်းများ အချိန်မီလုံလောက်စွာ စုဆောင်းထားရှိခြင်း၊ လိုအပ်သည့် ကြိုတင် ကာကွယ်ရေးလုပ်ငန်းများ အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နိုင်ရန် ကြိုတင်စုဖွဲ့ခြင်းတို့ ဆောင်ရွက် သင့်ပါတယ်။ တပ်မတော်အနေနဲ့ တိုင်းစစ်ဌာနချုပ်နယ်မြေအလိုက် လက်အောက်ခံတပ်ရင်း၊ တပ်ဖွဲ့များကို ပြည်သူများ ဘေးအန္တရာယ်ကျရောက်လာပါက ကူညီဆောင်ရွက်ရန် အမြဲအသင့် ပြင်ဆင်ထားရှိစေပြီး ဖြစ်ပါတယ်။ ၂၀၁၅ ခုနှစ်၊ ရေကြီးမြေပြိုမှုမှာ တပ်မတော်မိသားစုမှ တင်ပြပါအတိုင်းပဲ ကူညီထောက်ပံ့မှုတန်ဖိုးက ကျပ်သိန်း ၆၃၀၀ နီးပါးနဲ့ ၂၀၁၆ ခုနှစ်မှာ တင်ပြပါအတိုင်း ကျပ်သိန်း ၂၄၀၀ ကျော်နီးပါး ကူညီပံ့ပိုးပြီးတော့ လေယာဉ်၊ ရေယာဉ်တို့နှင့် ဘေးလွတ်ရာသို့ သယ်ပို့ခြင်း၊ ကူညီရွှေ့ပြောင်းပေးခြင်း၊ တမံများမြေဖို့ခြင်း၊ လမ်းများရှင်းခြင်း၊ စာသင်ကျောင်း၊ ဆေးရုံ၊ ဘုန်းကြီးကျောင်း၊ နေအိမ်၊ အုပ်ချုပ်မှုအဆောက်အဦ၊ လမ်းတံတားများ ပြုပြင်ခြင်း၊ ကျန်းမာရေးစောင့်ရှောက်ခြင်းတို့ကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးခဲ့ပါတယ်။

**မူကြမ်း**

ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုအခါမှာ မြန်မာနိုင်ငံအထက်ပိုင်းနှင့် အလယ်ပိုင်းတို့မှာ ရေကြီးရေလျှံမှုများကြောင့် အနိမ့်ပိုင်းမှာရှိတဲ့ ဧရာဝတီတိုင်းဒေသကြီးအတွင်းကို ရေများအဆက်မပြတ်စီးဆင်းဝင်ရောက်လျက်ရှိနေတဲ့အတွက် ရေဘေးကြိုတင်ပြင်ဆင်မှုများကို အလေးထားဆောင်ရွက်ရန်လိုအပ်ပါကြောင်း၊ အလားတူ ဧရာဝတီမြစ်အလယ်ပိုင်းနှင့် အထက်ပိုင်းဒေသ၊ ချင်းတွင်းမြစ်၊ သံလွင်မြစ်၊ စစ်တောင်းမြစ် မြစ်ကမ်းနားမှာတည်ရှိတဲ့ အဲဒီဒေသတွေမှာလည်း သဘာဝဘေးအန္တရာယ်ကာကွယ်ရေးလုပ်ငန်းများကို နိုင်ငံတော်အဆင့် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားသင့်ပါကြောင်းနှင့် နိုင်ငံတော်နှင့် နိုင်ငံတစ်ဝန်းမှာရှိတဲ့ တာတမံများ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် စီမံချက်များချမှတ်ကာ နှစ်အလိုက် ရန်ပုံငွေများ လျာထားသတ်မှတ်ခြင်း၊ နိုင်ငံတကာမှ နည်းပညာများနှင့် အကူအညီများရရှိအောင် ကြိုးပမ်းဆောင်ရွက်ခြင်း၊ နိုင်ငံတော်အစိုးရ၊ လွှတ်တော်၊ ဒေသခံပြည်သူများ၊ တပ်မတော်များနှင့် အခြားလူမှုရေးအသင်းအဖွဲ့များအနေဖြင့် ယိုယွင်းပျက်စီးလာတဲ့ သဘာဝပတ်ဝန်းကျင်ကို အတူတကွ ထိန်းသိမ်းကာကွယ်ရေး၊ ဘေးအန္တရာယ်များကြုံတွေ့လာပါကအမျိုးသားရေးအသွင်ဖြင့် တက်ညီလက်ညီနှင့် အတူတကွပူးပေါင်းဆောင်ရွက်သွားကြရန် အကြံပြုတင်ပြရင်း ဧရာဝတီတိုင်းဒေသကြီး၊ လေးမျက်နှာမဲဆန္ဒနယ်မှ ဦးဇော်မင်းသိန်း တင်သွင်းတဲ့ ဧရာဝတီတိုင်းဒေသကြီးအတွင်း ဧရာဝတီမြစ်နှင့် ငဝန်မြစ်အား ကာရံထားတဲ့ ရေကာတာများအား ယခုရောက်ရှိမည့် မိုးရာသီတွင် ပြည်သူများစိုးရိမ်ပူပန်မှုမရှိအောင် ကြိုတင်အစီအမံများ ချမှတ်ဆောင်ရွက်ထားရှိရေး၊ လာမည့်ပွင့်လင်းရာသီတွင် တာတမံများ ကြံ့ခိုင်မှုရရှိရန်ဆောင်ရွက်ရေးအတွက် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို ထောက်ခံတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ** ။ ။ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးရဲနိုင်လွင် ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဗိုလ်မှူးရဲနိုင်လွင်(တပ်မတော်သားကိုယ်စားလှယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများ အားလုံး မင်္ဂလာပါလို့ နှုတ်ဆက်ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးရဲနိုင်လွင် ဖြစ်ပါတယ်။ လေးမျက်နှာမဲဆန္ဒနယ်မှ ဦးဇော်မင်းသိန်း တင်သွင်းထားတဲ့ အဆိုကို ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။ Power Point ဖြင့် တင်ပြဆွေးနွေးခွင့်ပြုနိုင်ပါရန် ခွင့်တောင်းခံအပ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုရှင်ရဲ့ အခုလို အဆိုတင်သွင်းတဲ့၊ ဆွေးနွေး

နေတဲ့ အချိန်ကာလအတွင်းမှာပဲ တင်ပြပါတိုင်းဒေသကြီးအသီးသီးရှိ မြို့များမှာ စိုးရိမ်ရေအမှတ်ထက် ကျော်လွန်ပြီးတော့ ရေဘေးအန္တရာယ်များ ကျရောက်နေပြီဖြစ်ပါတယ်။ လက်ရှိအဆိုပါ ဝေန်မြစ်နှင့် ဧရာဝတီမြစ်တို့ကိုကာရံထားတဲ့ ရေကာတာများဟာလည်း စိုးရိမ်ရေအမှတ်ကို ကျော်လွန်နေပြီးတော့ စိုးရိမ်ရေအမှတ်ထက် လေးပေခန့် ထပ်မံကျော်လွန်မည်ဆိုပါက တာတမံပေါ်ရေကျော်ခြင်း၊ တာတမံ ကျိုးပေါက်ခြင်း ဖြစ်ပေါ်လာနိုင်ပါတယ်။ ထိုသို့ ရေကြီးရေလျှံဖြစ်ပါက ဟင်္သာတမြို့၊ လေးမျက်နှာမြို့၊ ရေကြည်မြို့၊ သာပေါင်းမြို့၊ ဓနုဖြူမြို့၊ ကျုံပျော်မြို့နယ်များအတွင်းရှိတဲ့ ရပ်ကွက်ကျေးရွာများ၊ လယ်ယာမြေများ ရေဘေးအန္တရာယ်ကို ခံစားကြရတော့မှာ ဖြစ်ပါတယ်။ လာမယ့်ရက်အနည်းငယ် အတွင်းမှာလည်း မိုးရေများ၊ တောင်ကျရေများ၊ ချောင်းရေမြစ်ရေများ စီးဆင်းမှုကြောင့် တင်ပြပါ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရန်ကုန် တိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့မှာ ရေဖုံးလွှမ်းခံရမှု အလားအလာမြင့်မားသောဒေသများဖြစ် ကြောင်း မိုးလေဝသနှင့် ဇလဗေဒပညာရှင်ရဲ့ ခန့်မှန်းချက်အရ သိရှိရပါတယ်။ တစ်နိုင်ငံလုံး အတိုင်း အတာနီးပါး တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် ရေကြီးမှုဒဏ်ကို ခံစားနေရသလို ယခုတင်ပြတဲ့ ဧရာဝတီတိုင်းဒေသကြီးက တင်သွင်းတဲ့အချက်မှာလည်း အရေးကြီးတဲ့အချက်တစ်ချက်ဖြစ်ပါတယ်။ ကျွန်တော်တို့အနေဖြင့် ဘေးအန္တရာယ်ကို မကျရောက်မီ၊ ကျရောက်ဆဲ၊ ကျရောက်ပြီး အခြေအနေ သုံးရပ်မှာ အဆင့်အလိုက် စီမံမှုများ၊ လိုအပ်ချက်များ၊ စုဖွဲ့ပြင်ဆင်မှုများကို နိုင်ငံတော်အစိုးရ၊ လွှတ်တော်၊ ပြည်သူလူထု၊ တပ်မတော်နှင့် လူမှုရေးအဖွဲ့အစည်းများ ပူးပေါင်းပြီးတော့ နိုင်ငံတော် အဆင့်၊ အစီအမံကောင်းတစ်ခုချမှတ်ကာ အမြန်ဆုံးဆောင်ရွက်ရန် လိုနေပြီဖြစ်ကြောင်း တင်ပြလို ပါတယ်။

လုပ်ငန်းပမာဏ ကြီးမားမယ်လို့ မျှော်မှန်းရတဲ့အတွက်လည်း နိုင်ငံတော်အစိုးရတစ်ခုတည်း အဖြစ်နဲ့ အကောင်အထည်ဖော်ရာမှာ ကန့်သတ်ချက်များရှိနေနိုင်ပါသဖြင့် နိုင်ငံတကာမှ နည်းပညာ များအပါအဝင် အခြားအကူအညီများ၊ စေတနာရှင်ပြည်သူများနှင့် အဖွဲ့အစည်းများတို့ထံမှ အကူညီ များ လိုအပ်ကြောင်းလည်း သုံးသပ်မိပါတယ်။ အဆိုရှင်ရဲ့ ပထမအချက်အနေဖြင့် ယခုမိုးရာသီကာလ ကျရောက်မည့် ဘေးအန္တရာယ်များအတွက် ပြည်သူလူထုစိုးရိမ်ပူပန်မှုမရှိအောင် စီမံဆောင်ရွက်ရေး နှင့် ဒုတိယအချက်နေနဲ့ နောင်နှစ်ပွင့်လင်းရာသီမှာ ဆည်မြောင်းတာတမံများ ပိုမိုကြံ့ခိုင်ကောင်းမွန် အောင် ဆောင်ရွက်ပေးစေလိုတဲ့အပိုင်းနှစ်ပိုင်းကို တင်ပြထားတာကို တွေ့ရှိရပါတယ်။ ယခု ကြုံတွေ့ နေရတဲ့ မိုးရာသီကာလ ရေနစ်မြုပ်မှုများအန္တရာယ် ရင်ဆိုင်ရတော့မယ့်အခြေအနေမှာ အစိုးရမှ ဦးစီး

၍ ရရှိနိုင်သောအချိန်၊ ရရှိနိုင်သော ကယ်ဆယ်ရေးဆိုင်ရာ လူအား၊ ပစ္စည်းအား၊ ငွေအားများ စနစ်တကျ ဖြန့်ခွဲစီမံဆောင်ရွက်မည်ဆိုပါက ပြည်သူလူထု၏ စိုးရိမ်ပူပန်မှုကို ဖြေလျှော့နိုင်မည့် ဆုံးရှုံးမှုအနည်းဆုံးအဖြစ် ရင်ဆိုင်ကျော်လွှားနိုင်မှာ ဖြစ်ပါတယ်။ လက်ရှိတင်သွင်းတဲ့အဆိုနှင့် ပတ်သက်ပြီးတော့ သက်ဆိုင်ရာတိုင်းဒေသကြီးအဆင့်များမှာလည်း တင်ပြပါအတိုင်း ဆောင်ရွက်ထားတာ တွေ့ရှိရပါတယ်။ အကယ်၍ ရေကြီးလာပါက အရေးပေါ်နေရာများ၌ ပြည်သူလူထု ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ရေး ချိတ်ဆက်စီစဉ်ထားခြင်းကိုလည်း သိရှိရပါတယ်။ သို့သော်လည်း မြစ်ရေများအမှန်တကယ်မြင့်တက်လာမည်ဆိုပါက တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့်များအနေဖြင့် ဆောင်ရွက်၍မရဘဲ ပြည်ထောင်စုအစိုးရအစီအမံနှင့် ဆောင်ရွက်မည့်အခြေအနေများ ဖြစ်ပေါ်လာမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ယခင်ဖြစ်ပွားခဲ့တဲ့ ရေဘေးအန္တရာယ်များအပါအဝင် သဘာဝဘေးအန္တရာယ်များကြုံတွေ့ရစဉ်အချိန်များမှာ တပ်မတော်အနေနဲ့ ကယ်ဆယ်ရေး၊ ကူညီစောင့်ရှောက်ရေးလုပ်ငန်းများအား သက်ဆိုင်ရာနယ်မြေရှိ တပ်ရင်း၊ တပ်ဖွဲ့များဖြင့် ပါဝင်ကူညီဆောင်ရွက်ခဲ့ပါတယ်။ တပ်မတော်ရဲ့အဓိကလုပ်ငန်းကြီးသုံးခုအနက်မှ တတိယအချက်ဖြစ်တဲ့ ပြည်သူ့အကျိုးပြုလုပ်ငန်းများဆောင်ရွက်ရန်ဟူသောအချက်နှင့်အညီ ကျင့်သုံးဆောင်ရွက်နေသကဲ့သို့ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၄၁ အရလည်း နိုင်ငံတော်တွင် နိုင်ငံတော်နှင့် နိုင်ငံသားများအတွက် ဘေးအန္တရာယ်ကျရောက်လာလျှင် တပ်မတော်မှ ကူညီဆောင်ရွက်ရမည်ဆိုတဲ့အတိုင်း ပြဋ္ဌာန်းထားတဲ့အတွက်ကြောင့် ဖွဲ့စည်းပုံပါ ပြဋ္ဌာန်းချက်အရလည်း တာဝန်ရှိကြောင်း တပ်မတော်သားများမှ ခံယူထားပြီးဖြစ်လို့ ဘေးဒုက္ခကြုံတွေ့နေရတဲ့ဒေသရှိပြည်သူများကို မိမိတို့သားချင်းဆွေမျိုးများကဲ့သို့ အချိန်နှင့်တစ်ပြေးညီသွားရောက်ကာ စောင့်ရှောက်ကူညီခဲ့တာတွေကို တွေ့ရှိရမှာ ဖြစ်ပါတယ်။ မိမိတို့ တပ်မတော်အနေဖြင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ရာတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရဲ့ လမ်းညွှန်ချက်ဖြစ်တဲ့ မိမိတပ်ရင်း၊ တပ်ဖွဲ့များနှင့် နီးစပ်ရာဒေသများတွင် သဘာဝဘေးအန္တရာယ်များ ကျရောက်ပါက ပြည်သူလူထုအတွက် ကူညီကယ်ဆယ်မှုကို အမိန့်တောင်းခံစရာမလိုဘဲ ဆောင်ရွက်ရမည်ဟူသော ညွှန်ကြားချက်အရ လတ်တလောရေကြီးနစ်မြုပ်နေသောဒေသများ၏ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးကဏ္ဍများတွင်လည်း လက်ရှိပါဝင်ကူညီဆောင်ရွက်လျက်ရှိသလို ထပ်မံပြီးတော့ ဘေးအန္တရာယ်ကျရောက်လာပါကလည်း တပ်မတော်အနေဖြင့် သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်နယ်မြေများအလိုက် စုဖွဲ့ကာ အသင့်ပြင်ဆင်ထားရှိကြောင်း တင်ပြလိုပါတယ်။ သို့ရာတွင် ကြိုတင်

ကာကွယ်မှုက ကုသမှုထက်ပိုမိုထိရောက်သည်ဟူသော စကားအရ ဒေသအလိုက် ကျရောက်လာနိုင်သည့် သဘာဝဘေးအန္တရာယ်များအတွက် နိုင်ငံတော်အစိုးရအနေဖြင့် ကြိုတင်မျှော်တွေးကာ စီမံဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ပါက ပိုမိုထိရောက်ပြီး အကျိုးဖြစ်ထွန်းမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ စိုက်ပျိုးရေးကိုသာ အားကိုးအားထားပြုနေရတဲ့ ကျွန်တော်တို့နိုင်ငံအနေနဲ့ မကြာခဏ ရေကြီးရေလျှံဖြစ်ပါက တိုင်းပြည်တစ်ခုလုံးအနေနဲ့ လူမှုရေး၊ စီးပွားရေး အကျိုးများပါ နစ်နာဆုံးရှုံးမှာ ဖြစ်ပါတယ်။ စားနပ်ရိက္ခာမလုံလောက်မှု၊ အကျင့်ပျက်ခြစားမှု၊ နိုင်ငံရေးမတည်ငြိမ်မှုစတဲ့ နောက်ဆက်တွဲပြဿနာများ ဆက်စပ်ဖြစ်ပေါ်လာနိုင်သောကြောင့် ရေလွှမ်းမိုးခြင်းကြောင့် ဆင်းရဲမှုရာခိုင်နှုန်းလျှော့ချရေးနှင့် နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးကို အတိုင်းအတာတစ်ခုအထိ ထိခိုက်မှုများဖြစ်ပေါ်လာနိုင်တယ်လို့ သုံးသပ်တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နိဂုံးချုပ်အနေနဲ့ တင်ပြရမယ်ဆိုရင် အဆိုရှင်ဦးဇော်မင်းသိန်း တင်သွင်းတဲ့အဆိုပါအချက်များဟာ အမှန်တကယ်လိုအပ်နေပြီးတော့ လတ်တလော ဖြစ်ပျက်ရင်ဆိုင်နေရမှုများနဲ့အချိန်ကိုက်ဖြစ်နေခြင်း၊ လွှတ်တော်အနေဖြင့် ယခုကဲ့သို့ အဆိုဖြင့် ပြည်သူ့ဆန္ဒနှင့်အညီ စိုးရိမ်ပူပန်မှုများကို ဖြေလျှော့နိုင်ပြီးတော့ ၎င်းတို့ရဲ့အကျိုးစီးပွားကို ဖော်ဆောင်နိုင်ခြင်း၊ အလားတူ အခြားတိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးမှာလည်း ရေလွှမ်းမိုးခြင်းနှင့်ဆက်စပ်နေခြင်းတို့ကြောင့် မိမိအနေဖြင့် ဧရာဝတီတိုင်းဒေသကြီးအတွက်သာမကဘဲနဲ့ နိုင်ငံတစ်ဝန်းလုံးတွင်လိုအပ်နေကြောင်းတွေ့ရှိရပါတယ်။ သို့ပါ၍ အဆိုရှင် ဦးဇော်မင်းသိန်းတင်သွင်းတဲ့အဆိုကို ထောက်ခံတင်ပြရင်းမြန်မာနိုင်ငံတစ်ဝန်းလုံးရှိ ရေဘေးအန္တရာယ်ကျရောက်နိုင်သည့် ဒေသများအတွက်လည်း ထည့်သွင်းစဉ်းစား စီမံဆောင်ရွက်သင့်ပါကြောင်း အကြံပြုဆွေးနွေးတင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အဆိုကို ဆွေးနွေးရန်ကျန်ရှိသူများနှင့်အစီအစဉ် ၇ ကို မနက်ဖြန် ၅-၈-၂၀၁၆ ရက်နေ့မှာ ဆက်လက်ဆောင်ရွက်ပါမယ်။

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး အဌမနေ့ရပ်နားကြောင်းနှင့် အစည်းအဝေး နဝမနေ့ ဆက်လက်ကျင်းပမည့်နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး အဌမနေ့ ရပ်နားပါမယ်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယ

ပုံမှန်အစည်းအဝေး နဝမနေ့ကို ၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၅ ရက်(သောကြာနေ့) နံနက် ၁၀း၀၀ နာရီ အချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနှင့် ယနေ့အစည်းအဝေးပြီးဆုံးကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**အချိန်၊ ၁၁း၅၀။**

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး အဋ္ဌမနေ့ကို ၁၁း၅၀ နာရီ အချိန်တွင် ရပ်နားပါသည်။]